# သခင့်စကား

The LORD's Word

ဝိညာဉ်ရေးဂျာနယ်

ဝေးသောပြည်မှ ရောက်လာသော ဝမ်းမြောက်စရာ သိတင်းစကား သည် ရေငတ်သောသူ၌ ချမ်းသော ရေကဲ့သို့ ဖြစ်၏။ သုတ္တံ ၂၅း၂၅

အမှတ်စဉ် (၇၆) | ဒီဇင်ဘာလ | ၂၀၀၇ ခုနှစ် | စမ္ပဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


## လူဟိုင်းအတွက်ခရစ်စမတ်



တခါက – ဒီဇင်ဘာ အခွင့်ကြုံ "ခရစ်ဟန်"နဲ့ဆုံ
လာပျော်လှည့်ပါ ချစ်မိတ်ဆွေ ၊ ခွန်းချိုစွာ သူဖိတ်ခေါ်ပါလဲ
အားနာစွာ ငါမလိုက်နိုင်ပါဘူး၊ ခြားနားမတူ "ခရစ်ဟန်"ပွဲပြုပုံက
'ဘီယာ' နဲ့ 'ရမ်' လုံးဝ မခွာဘူး။ ဖြစ်ပွား ခိုက်ရန်ဘေးတွေ့ကြ၊
သီချင်းအော်သံတွေကြောင့် ၊ ပွင့်လင်းစွာ ငါတို့ပြန်
ကျေးဇူးပဲသူငယ်ချင်း ၊ မင်းတို့ ဘုရားပွဲ မင်းတို့သာ နွှဲတော့။
မနှစ်က – ဒီဇင်ဘာ အခွင့်ကြုံ ၊ ခရစ်ယာန်နဲ့ဆုံ
တရားလာနာ လှည့်ပါ ချစ်မိတ်ဆွေ ၊ ထူးထွေ ခြားနား သူ့စကားလည်း
ကြားသည့် နားမှာလေ မယုံနိုင်ချေဘူး ၊ ဒို့ဟန်နဲ့ လိုက်ပါ ခရစ်ယာန် ပွဲပြုပုံက
လူနဲ့ ဘုရား ပေါင်းစည်းသွားရန် ၊ တစ်ဆူခရစ် လူ့အသွင်ကို ယူတဲ့အဖြစ်မို့
ဝမ်းမြောက်စွာ ငါဆို ၊ ကျေးဇူးဘဲ သူငယ်ချင်း ၊ မင်းတို့ဘုရားပွဲ ငါလည်း နွှဲမပေါ့။
ဒီနှစ်–ဒီဇင်ဘာမှာ ...
သူငယ်ချင်းရေ ဘဝပေး အခြေအနေကြောင့် ၊ မင်းနဲ့ငါ မတွေ့ရနိုင်ပြားလဲ
မင်းရဲ့ကျေးဇူး ငါလေ မမေ့နိုင်ချေဘူး၊ ခရစ်တော် သမိုင်း မင်း ဆိုလေတိုင်းလဲ
ငါလေ အပြစ်တင် မင်း ကိုမငြိုငြင်ခဲ့ဘူး ၊ ရှုတ်ချ ငါဝေဖန်
မင်း ကိုစိတ်မနာခဲ့ပြန်ဘူး ၊ ခွန်းတုန့် ငါရန်ရှာ မင်း ကို မတုန့်ပြန်ခဲ့ဘူး
ဘုရားမေတ္တာရှေ့ထား မင်းဟာလေ ခရစ်ယာန်ကောင်းပေမို့
ယေရှုနာမ၌ ငါဝန်ခံ ၊ ကျေးဇူးဘဲ သူငယ်ချင်း
ခရစ္စမတ်ရဲ့ ပြုရုပ်အမှန် ၊ ငါ့ ဘဝမှာ အဖိုးမြတ် ရတနာမို့
ခရစ္စမတ်ဘုရားပွဲတော် လူသားအားလုံး အတွက်နော်။ ။



နာမတော်မြတ်၌ – **Samuel Soe Lwin**

-------------------------------



## သူငယ်ချော်

ညဥ့်ယံတိတ်ဆိတ် ၊ မှောင်မိုက်နယ်မြေ ။
ထွန်းလင်းသော ကြယ် ၊ ဘယ်ဆီမှန်းလဲ
ဤသူသုံးဦး သိလိုသော်က ၊ မေးမြန်းစုံစမ်း အိုဘယ့် ကြယ်။
ဟော တွေ့ပြီ ၊ ထွန်းလင်းပါဘိ တဲငယ်လေးသို့
လှမ်းသည့်ခြေလှမ်း တဲတော်တွင်းဆီ
အို – မြင်သည့် ခန ၊ ငါ၏ မာန ခဝါချလျှက်
ညီအစ်ကိုတို့ရေ ၊ လော်ဗန်၊ မုရန်၊ ရွှေ ပေးသော်ငြား
သူငယ့် အဆင်း တုနှိုင်းမမီ ၊ ဘယ်အရာနှင့်မျှ မယှဉ်သာသော်
ငါတို့စိတ်တွင်း မောလျှမှုကို ယူပစ်သလို ဆောင်ကြဉ်းသွားသော
ဤသူငယ်၏ ပေးဆပ်ခြင်းက ၊ အို – ဘယ့်မမီ ၊ ဘယ့်မမီ။

**နော်နော်**

## သခင့်

သခင့် ခြေရာတော်အတိုင်း လိုက်လျှောက်ဖို့အတွက် တွန့်ဆုတ်ခဲ့တယ်၊
သခင့် အလိုတော်အတိုင်း အသက်ရှင်ဖို့အတွက် တွေဝေခဲ့တယ်၊
သခင့် သတင်းတော်ကို ဝေငှသက်သေခံဖို့အတွက် ရှက်ကြောက်ခဲ့တယ်၊
သခင့် ကျေးဇူးတော်ကို ချီးမွမ်းဖို့အတွက် မေ့ချင်ဟန်ဆောင် နေခဲ့တယ်၊
သခင် အကျွန်ုပ်၏ အပြစ်များကို လွှတ်တော်မူပါလို့ အထပ်ထပ်ဆိုပြီး
သူတပါးအပြစ်ကိုတော့ မလွှတ်တမ်း ချည်နှောင်ခဲ့တယ်၊
လေနှင်ရာ ပြေး၊ ရေစုန်မှာ မျော၊ 'ကမ်းတင်ပန်း' ဘဝလို အသက်ရှင်ခဲ့သမျှ
အခုတော့ ... သခင့်ခြေရင်း ပြားပြားဝပ်လျှက် –
အကျွန်ုပ်ရဲ့ စိတ်နှလုံးကို သခင်လိုရာ လျှောက်လှမ်းဖို့အတွက်
လက်ဆောင်အဖြစ် ပေးလိုက်တယ်နော် ၊ သခင် ကျေနပ်မှာပါလေ ။
(သခင်ယေရှု မွေးနေ့တော် နှင့် စင်ကာပူရောက် တစ်နှစ်ပြည့် အမှတ်တရ ...)

**အမည်မဖော်ပြသူ**

## လ မဟာ

အေးချမ်းလွန်းတဲ့ ဆောင်းတစ်ညမှာ ၊ ကယ်တင်ရှင်ကြီး မွေးဖွားလာ
ဖြစ်လူသားများ ကယ်ချွတ်ဖို့ ၊ လူ့ဇာတိကို ခံယူလို့ ။
မြို့တိုင်း ရွာတိုင်း အိမ်တိုင်းမှာ ၊ ခရစ္စမတ်လ ရဲ့ တေးသံသာ
ချမ်းကာ တုန်ရီ ဖြစ်နေလဲ ၊ ကြည်နူးမိတဲ့ ခရစ္စမတ်ဘဲ ။
ပြုံးပျော်ကြည်နူး ပြုံးပန်းဖြာ ၊ ခရစ်စမတ်ရဲ့ ညမှာ
ပေးဝေခံယူ လက်ဆောင်များ ၊ အားလုံးရင်မှာ ပီတိပွား ။
သူသူငါငါ ရင်ထဲမှာ တန်ဖိုးထားတဲ့ 'လ' မဟာ
အားလုံးရင်မှာ ငြိမ်းချမ်းဖို့ ၊ ခရစ္စမတ် ရောက်ပြီဗျို့ ။ ။

**နန်းရထိုက် (ဏ န ခ)**

-------------------



## နေရာ

နေရာ ...
ဒီနေရာကို လူတွေ –
ဆေးကုဖို့ လာကြတယ် ၊ အလုပ်လုပ်ဖို့ လာကြတယ်
ပညာ ရှာဖို့ လာကြတယ် ၊ အပျော်သက်သက် လာကြတယ်
အဖော်မက်လို့ လာကြတယ် ၊ ဈေးဝယ်ထွက်ဖို့ လာကြတယ်
တချို့က ဒီနေရာထက် သာတဲ့ နေရာ ပြောင်းသွားကြတယ်။
လာတဲ့သူလာ ၊ ပြန်တဲ့သူပြန်
သွားတဲ့သူသွား ၊ တစ်နေရာစာလေး ရဖို့အတွက်
တဒင်္ဂ နေရာ ... ၊ သဘာဝ နေရာ ...
ထာဝရ နေရာ ... ၊ လူတွေ နေရာ ရှာ
ယောက်ယက်ခတ် နေကြတုံး ။ ။



**(မင်းထွန်းသက်လွင်)**

---

## ဘုရားသခင်ကိုမထီမဲ့မြင်ပြုသူများ (ဆရာဦးအုန်းမြင့်)

### ၁) ဂျွန်လင်နွန် ( John Lennon "Singer- The Beatles" အဖွဲ့ဝင်)

အမေရိကန်မဂ္ဂင်း တစ်ခုက တွေ့ဆုံမေးမြန်းမှု ပြုရာ၌ သူက– "ခရစ်ယာန်ဘာသာဟာ မကြာခင် ဆုံးခန်းရောက်ပြီး ပျောက်ကွယ်သွား ပါလိမ့်မယ်။ ဒီအကြောင်းကို ကျွန်တော် မငြင်းခုံလိုပါဘူး။ ယေရှု ကတော့ "အိုကေ"ပါဘဲ။ ဒါပေမဲ့ သူ့ရဲ့ သွန်သင်ချက် သင်ခန်းစာ အကြောင်း အရာတွေကတော့ သိပ်ပြီး ရိုးစင်းလွန်းပါတယ်။ ဒီနေ့ ဒီအချိန်မှာတော့ ကျွန်တော်တို့ တေးဂီတအဖွဲ့ဟာ ယေရှုထက် ပိုပြီး ကျော်ကြား လူကြိုက်များနေကြပါပြီ။" လို့ပြောခဲ့ပါတယ်။ (၁၉၆၆)

သူတို့ တေးဂီတအဖွဲ့က ယေရှု ထက်ပိုမို ကျော်ကြားကြောင်း ပြောပြီး နောက် ဂျွန်လန်နွန်သည် သေနတ်ဖြင့် ဖချက် အပစ်ခံရကာ သေဆုံး သွားခဲ့ပါသည်။

### ၂) တန်ခရက်ဒို နဗီး ( Tancredo Neves) ဘရာဇီးနိုင်ငံ သမ္မတလောင်း)

သမ္မတ ရွေးကောက်ပွဲ မဲဆွယ် စည်းရုံးစဉ် သူက "အကယ်၍ သူ့ပါတီမှ ဆန္ဒမဲ ငါးသိန်း သာရရှိခဲ့ပါက ဘုရားသခင် ကပင်လျှင် သူ့ကို သမ္မတအဖြစ်မှ ပယ်ရှား၍ ရမည်မဟုတ်ကြောင်း" ဂုဏ်ယူဝင့်ကြွားစွာ ပြောကြား ခဲ့ပါသည်။ သူ့ထင်မြင် ယူဆချက်အတိုင်း တိုင်းသူပြည်သားများက မဲပေးခဲ့ကြ၍ ဆန္ဒမဲ ငါးသိန်းကျော် သူရရှိခဲ့ပါသည်။

သို့သော် သမ္မတ အဖြစ် ရာထူးနှင့် တာဝန် ဝတ္တရားများကို တရားဝင် လွှဲပြောင်း ခံယူရန် တစ်ရက်အလိုတွင် အပြင်းဖျားနာပြီး သေဆုံး သွားခဲ့ပါသည်။

### ၃) ကာဇူဇာ (Cazuza)

**( Bi-sexual Brazilian composer, singer and poet)**

**Canecio** အရပ်၌ ပွဲတစ်ခု ကျင်းပနေစဉ် စီးကရက်သောက်ရင်း မီးခိုး ငွေ့ကို လေထဲမှုတ်ထုတ်ကာ " ဟော့ ဘုရားသခင် ဒါ မင်းအတွက်ဘဲ" ဟု မထီမဲ့မြင် လေသံဖြင့် ပြောခဲ့ပါသည်။ သူသည် အသက် ၃၂ နှစ်အရွယ် အောင်

မြင်ကျော်ကြား လောကီစည်းစိမ်ခံစား၍ မဝသေးခင်မှာပင် **AIDS** ရောဂါဖြင့် သေဆုံးသွားခဲ့ပါသည်။

၄) **တိုက်တန်းနစ် သင်္ဘော တည်ဆောက်သူ**

သင်္ဘော ရေ မချမီ၊ သတင်းထောက်တစ်ဦးက တိုက်တန်းနစ် သင်္ဘော သည် မည်မျှ ခိုင်ခန့် လုံခြုံပါသနည်းဟု မေးမြန်းခဲ့ရာ သူက ဘုရား သခင်ပင်လျှင် သူ၏ သင်္ဘောအား နစ်မြုပ်အောင် နစ်မြုပ်နိုင်မည် မဟုတ် ကြောင်း ဆောင့်ကြွား ကြွား လေသံဖြင့် ဖြေကြားခဲ့ပါသည်။

သို့သော် မကြာခင် ထိုတိုက်တန်းနစ် သင်္ဘော မည်သို့မည်ပုံ နစ်မြုပ် သွားကြောင်း ကမ္ဘာတစ်ဝှမ်းလုံးက လူအများ သိပြီးသားဖြစ်ပါသည်။ ဘုရားသခင် ဖန်ဆင်းထားသော ရေခဲတုံး သေးသေးလေးက နစ်မြုပ်လိုက် ခြင်း ဖြစ်ပါသည်။

၅) **ဟောလီးဝုဒ် ရုပ်ရှင်မင်းသမီး မာရီလင် မွန်ရိုး ( Marilyn Monroe)**

ဧဝံဂေလိ ဆရာကြီး ဘီလီဂရေဟမ် က ဝိညာဉ်တော် နှိုးဆော်မှု ခံရသောကြောင့် မင်းသမီးအား တွေ့ဆုံကာ ကယ်တင် ခြင်းတရား ဟောကြားခဲ့ပါသည်။ ထိုတရားကို ကြားနာပြီးနောက် မင်းသမီးက "ရှင့် ယေရှုကို ကျွန်မ မလိုအပ်ပါ" ဟုတုံ့ပြန်ပြောကြားခဲ့ပါသည်။ တစ်ပါတ်ကြာ ပြီးနောက်တွင် မင်းသမီးသည် သူ၏ နေအိမ် အတွင်းခန်း၌ သေဆုံး သွားခဲ့ ပါ သည်။

၆) **ဘွန်စကော့တ် ( Bon Scott " AC/DC" အဖွဲ့၏ အဆိုတော် )**

၁၉၇၉ ခုနှစ်၌ " ငရဲသွား အဝေးပြေး လမ်းမကြီးပေါ်မှာ ငါရှိနေခဲ့၊ ငရဲ သွားတော့မဲ့ ငါ့ကို မတားကြပါနဲ့" ဟု ပြောဆိုရေးသား သီဆိုခဲ့ပါသည်။ ၁၉၈၀ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အန်ဖတ် ဆိုပြီး သေဆုံးသွားခဲ့ပါသည်။

၇) **ကန်ပီနပ်စ် (Campinas "၂၀၀၅ ခုနှစ် " )**

ဘရာဇီးနိုင်ငံတွင် အရက်မူးနေသော လူငယ်တစ်စုသည် နောက် ထပ် သူငယ်ချင်း တစ်ယောက်ကို သွားရောက်ခေါ်ဆောင်ရန် ကားမောင်း ထွက်လာ ခဲ့ပါသည်။ ကားမထွက်ခွာခင် အချိန်လေးတွင် ကားမောင်းသူ မိန်းမ



ငယ်လေးအား မိခင်ဖြစ်သူက " သမီးရေ၊ အရက်မူးပြီး ကားမောင်းတာ အန္တရာယ် များတယ် ကွယ်၊ ဘေးကင်းလုံခြုံအောင် ကားမမောင်းခင် ဘုရား သခင် လက်ထဲအပ်နှံပြီး ဘုရားသခင်ကို မင်းတို့ကားနဲ့ အတူတူခေါ်သွားပါ။ ဘုရားသခင် ကာကွယ် ပေးပါလိမ့်မယ်"ဟု သမီးရဲ့ လက်ကလေးကို ကိုင်ပြီး ပြောခဲ့ပါသည်။ သမီးက "ဆောရီးဘဲ မာမီ၊ ဘုရားသခင် အတွက် ထိုင်စရာခုံ ကားထဲမှာ မရှိတော့ဘူး။ ဒါပေမဲ့ သူက သိပ်ပြီး လိုက်ချင်သပ ဆိုရင်လဲ ကား နောက်ဖုံးထဲမှာဘဲ ဝင်ပြီး လိုက်ပါလေ့စေ" ဟု မထီမဲ့မြင်လေသံနှင့် မေ့ငေါ့ပြီး ပြောခဲ့ပါသည်။

မြို့အထွက်လမ်း အဝေးပြေး လမ်းမကြီးပေါ်တွင် သူတို့ကား တိမ်း မှောက် သွားခဲ့ပါသည်။ ယာဉ်ထိန်းရဲသားများနှင့် ဆေးရုံကား ရောက်သွားသည့် အချိန်တွင် သူတို့၏ မော်တော်ကားသည် မည်သည့်အမျိုးအစားမှန်း မမှတ် မိနိုင်တော့ လောက်အောင် စုတ်ပြတ်သတ် သွားခဲ့ပါသည်။ ကားထဲတွင် ထိုင်နေသော သူတွေအတွက်တော့ အထွေအထူး ပြောဖွယ်ရာ မရှိတော့ပါ။

သို့သော် ထူးဆန်းသည်မှာ ကားနောက်ဖုံးထဲတွင် ထည့်ထားသော တစ်ဒါဇင်ခန့်ရှိသည့် ကြက်ဥများ တစ်လုံးမှ မအက်ကွဲခဲ့ပါ။

၈) **ခရစ္စတင်းဟီးဝစ်တ် (Christine Hewitt )**

( ဂျာမေကာ နိုင်ငံ၏ သတင်းနှင့် စာနယ်ဇင်းသမား ၊ ကပြ ဖျော်ဖြေသူ )

သူက ကမ္ဘာပေါ်တွင် ရှိရှိသမျှသော စာအုပ်များထဲတွင် သမ္မာကျမ်း စာ ( ဘုရားသခင်၏ နှုတ်ကပါတ်တော်)သည် အညံ့ဖျင်းဆုံး၊ အဆိုးဝါးဆုံးသော စာအုပ် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၂၀၀၆ ခုနှစ် ဇွန်လ တွင် သူသည်၊ သူ ပိုင်သော ကားအနီးတွင် မီးလောင်၍ သေဆုံးသွားခဲ့ပါသည်။

**နိဂုံး** ။ဘုရားသခင်သည် တရားသဖြင့်စီရင်သော ဘုရားဖြစ်သည်။ ဆာလံ ၇း၆–၁၇

က) ဧဝံဂေလိတရား မျိုးစေ့ကို များများ ကြဲပါ။

ခ) ပေးလှူခြင်း မျိုးစေ့ များများ ကြဲပါ။

ဂ) ဒုစရိုက် မျိုးစေ့၊ တောမျိုးစေ့ ကြဲသူ မဖြစ်ပါစေနှင့်။

ဃ) နှုတ်ခမ်းအသီးကို ဘုရားသခင် ဖန်ဆင်းမည်ဖြစ်၍ သတိပြုလျက် စကား ပြောပါ။ ( သုတ္တံ ၁၈း၂၀–၂၁၊ သုတ္တံ ၁၂း၁၄)

င) ဘုရားသခင်သည် မထီမဲ့မြင် ပြုခြင်းကို ခံတော်မမူ၊ လူသည် မျိုးစေ့ ကြဲသည် အတိုင်း အသီးအနှံကို ရိတ်ရမည်။ ( ဂလာတိ ၆း၇– ၁၀၊ ဆာလံ ၁၈း၂၀–၂၄)

စ) ရေလောင်းသောသူသည် အကျိုးကို ခံရလိမ့်မည်။ ( သုတ္တံ ၁၁း၂၅) ။

**ဆရာဦးအုန်းမြင့် (ဆရာနောဇ)**

---

**အသက်ရှင်၍ကတိတည်သောဘုရား** ( Samuel Soe Lwin)

**ကိုယ်မိဘတို့သည် အကျွန်ုပ်ကို စွန့်သော်လည်း ထာဝရဘုရားသည် အကျွန်ုပ် ကို ချီယူတော်မူမည်။ ဆာလံ ၂၇း၁၀**

ထာဝရဘုရားရှင်ရဲ့ ကောင်းမြတ်တော်မူခြင်းဟာ လူအမျိုးမျိုး စိတ် အထွေထွေဆိုတဲ့အတိုင်း ထိတွေ့ခံစား နားလည်မှုတို့ ကွာခြားကောင်း ကွာခြား နိုင်သော်ငြားလည်း တူညီကြမည့် အရာတစ်ခုကား "ဘုရားရှင် ကောင်းမြတ်



တော်မူသည်" ဆိုတဲ့အရာဘဲ ဖြစ်ပါတယ်။ "ပြောမယုံ ကြုံဖူးမှ သိ"နှင့် "ကိုယ့် ဝမ်းနာ ကိုယ်သာသိ"ဆိုတဲ့ စကားအတိုင်း ကျွန်တော့် ရဲ့ ဘဝကို မြင်ပုံမြင်နည်းနှင့် ဘုရားရှင်အား မြင်ပုံ မြင်နည်းကို ဓမ္မမိတ်ဆွေများအား ခွန်အား ရရှိ စေရန်နှင့် ဘုရားရှင်၏ ကျေးဇူးတရားများ ပေါ်လွင် စေရန် အနည်းငယ် ရေးပြလိုပါတယ်။

**၁)ကျွန်ုပ်၏ ဘဝကို မြင်ပုံ မြင်နည်းပဲဟောင်း။**

ကျွန်တော်ဟာ စစ်ကိုင်းတိုင်း ကလေးမြို့နယ်၊ ကံပုလဲ ဆိုတဲ့ ကျေး လက်မှာ မွေးဖွားကြီးပြင်းခဲ့ရတဲ့သူ ဖြစ်ရသော်ငြားလည်း သိတတ်တဲ့ အရွယ်က စပြီး လူ့ဘဝ ဆိုတာ မာယာ တစ်ခုဘဲလို့ မြင်ပြီး အိမ်ထောင်ပြု သားမွေး ဆိုတဲ့ ဘဝကို စိတ်မဝင်စားခဲ့ပါဘူး။ လူရဲ့ ဘဝဟာ တိရစ္ဆာန် တွေထက် ခြေတစ်လှမ်းသာ သာတဲ့ သတ္တဝါလို့ဘဲ မြင်ခဲ့တဲ့အတွက် ၅ နှစ်သား အရွယ်မှာ မိဘတွေကို နားပူနားဆာလုပ်ပြီး ဘာသာရေးဆိုတာ ကျွန်တော့်ရဲ့ ပန်းတိုင်၊ ကျွန်တော့်ရဲ့ မြတ်နိုးရာ ဖြစ်လာခဲ့တာ အသက် ၁၉နှစ်အထိ ပါဘဲ။ လူဆိုတာ ဘာလဲ။ ဘယ်ကို ဦးတည်ပြီး ဘာတွေဖြစ်လာမလဲဆိုတာက ကျွန်တော့်ရဲ့ နေ့စဉ် အားကစား တစ်ခုပါဘဲ။ နောက်ပြီး မွေးရာပါ အသိနာမ်တရားအားဖြင့် ဘုရားဆိုတာ သိလာ ရတဲ့အလျှောက် "ဘုရား စင်စစ်" ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ ဆိုတဲ့အရာတွေနဲ့ လုံးထွေး သတ်ပုတ် နေရမှုတွေကြောင့် တစ်ခါတစ်ရံ မတွေးတော သင့်ပေမဲ့ "နေ့ချင်းပြန် သေကြည့် ချင်ခဲ့တာက" ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဇာတ်လမ်း တစ်ခုလိုပါဘဲ။

ကျွန်တော်ဟာ ငယ်ရာက ကြီးပြင်းခဲ့ရသူ ဖြစ်သော်ငြားလဲ ဒီလို အတွေးတွေကြောင့် လူငယ်ဘဝရဲ့ စရိုက်၊ သဘာဝတွေ ပျောက်ကွယ်ခဲ့ရပါ တယ်။ ချစ်ကြိုက်သာယာဘွယ် ကောင်းတယ်ဆိုတဲ့ လူ့ဘဝရဲ့ အသိုင်း အဝိုင်းတွေမှာလဲ အခုပျော်၍ တော်ကြာ ငိုတတ်မှုတွေကြောင့် "အနတ္တ"ဆိုတဲ့ စကားဟာ ကျွန်တော့်ရဲ့ နှစ်သိမ့်ရာစကား ဖြစ်ခဲ့ရပါတယ်။ "ချစ်တိုင်းလည်း မညား" "ညားတိုင်းလဲ မချစ်" "ချစ်၍ ညားလျှက် မမြဲခဲ့ကြ"တဲ့။ ကျွန်တော့် မိဘတွေရဲ့ အိမ်ထောင်ရေးဟာ ကျွန်တော့်အတွက် သံဝေဂတွေပေးတဲ့ အဖြစ်မှန် တစ်ခုပေဘဲမို့၊ ကျွန်တော်ဟာ လောကနှင့်ဘဝကို မုန်းပြီး ဘာသာရေးကို ချစ် တတ်ခဲ့တာဆိုရင်ဖြင့် ရာခိုင်နှုန်းပြည့် မမှန်နိုင်သော်ငြားလည်း လမ်းစ တစ်ခု ဖြစ်ခဲ့တာက သေချာပါတယ်။

**၂) ဘာသာရေးကို မြင်ပုံမြင်နည်းပဲဟောင်း။**

တစ်ဆူတည်းသော ဘုရားဆိုတာ ကျွန်တော်တို့ မြန်မာလူမျိုး တွေ အတွက် မေးရလွတ်၊ သင်ပေးရလွတ် သိထားပြီးသားပါ။ ရိုးရိုးနေသူအတွက် ရိုးရိုးဖြစ်ပေမဲ့ ရိုးရိုးမနေတတ်သူ ကျွန်တော်ကတော့ သောကတွေနှင့်သာ နေခဲ့ရပါတယ်။ သာသနာရဲ့ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို နေ့ညဥ့်မပြတ် လုပ်ဆောင်ငြားလည်း ကျွန်တော်ဟာ "မှန့်လုံး စက္ကူကပ်"နှင့် "ဂျပ်အေး သူ့အမေရိုက်" ဆိုသလို လုံးချာလည် လိုက်နေခဲ့ပါတယ်။ "ဘုရားမပါ လူ့ဗလာ" ဆိုတဲ့စကားအတိုင်း တစ်ခါတစ်ရံ တစ်ယောက်တည်း "ငါ ဘာ့ ကြောင့် ဘုရားကို ကိုးကွယ်ချင်ရတာလဲ၊ ဒီလို ကိုးကွယ်ခြင်းအားဖြင့် ဘာအကျိုး ကျေးဇူးရရှိမလဲ"ဆိုတဲ့အရာတွေနဲ့ "ဩော်–ဘာသာရေးဆိုတာ လူတွေကို အပြင်ပန်းကသာ လုပ်ဆောင်စေပြီး အတွင်းမှာ (သို့မဟုတ်) ကျွန်တော့် အတွက်မှာတော့ ပင်လယ်ရေလို သောက်လေသောက်လေ တော်မပြေဖြစ်ရုံမက ဗိုက်ပူကာ အနေခက် လေရော့သလား"ဆိုပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်ခဲ့ရပါတယ်။

နောက်ပြီး ဒီထက်ပိုဆိုးတဲ့အရာက "ဝ မရှိဘဲ ဝိ လုပ်" ခဲ့မိတဲ့ အဖြစ်က ကျွန်တော့် ဘဝကို ပြောင်းပြန်လှန်စေခဲ့တယ်။ အဲဒီတုန်းကတော့ ခရစ်တော်ရဲ့ "မျက်ကန်းကို မျက်ကန်း လမ်းပြ၍ ရရိုးလား" ဆိုတဲ့ စကားကို မသိခဲ့ပေမဲ့ ကျွန်တော်ဟာ ဟန်ဆောင်ကောင်းတဲ့ သဘင်သည်လိုဘဲ ဆိုတာ

သိခဲ့ရတယ်။ သီချင်းတစ်ပုဒ်ထဲကလို ဇာတ်ထဲမှာတော့ မင်းသား၊ လက်တွေ့မှာတော့အလွန်ကွာခြား လှတာမို့ လူတွေ ဘယ်လိုဘဲ ထင်ထင် နောင်ခါလာ နောင်ခါစျေး ဆိုတဲ့ အတွေးနဲ့ မသေခင်၊ မိဘရဲ့ ကျေးဇူးကို ဆပ်မယ်ဆိုပြီး ဘာသာရေး ဆိုတာကိုလဲ ကျွန်တော် အဆိုးမြင်တတ်လာခဲ့တယ်။

***၃) ဓမ္မဝေလီသတင်းအား ကြားနာခြင်း။***

ဘဝကိုလဲ မချစ်၊ ဘာသာရေးကိုလဲ ပစ်ခဲ့တဲ့ ကျွန်တော်ဟာ ပျော်ရွှင်မှုဆိုတာ မရှိနိုင်ခဲ့ပါဘူး။ ပြုံးပြုံးနေတတ်တဲ့ ကျွန်တော့်ကို လူတွေက Happy man လို့ခေါ်ကြပေမဲ့ ကျွန်တော့်ရဲ့ ဝမ်းနာမှု ကို ကျွန်တော်အသိဆုံးပါ။ အဖိုးအဖွား အိမ်မှာနေလာခဲ့တဲ့ ကျွန်တော်၊ အများနဲ့ မတူ အမေ့အိမ်ကို အလည်သွားရင်း (ကချင်ပြည်မှာ ကချင်ဘုရား၊ ကရင်ပြည်မှာ ကရင်ဘုရား လို့ခေါ်ကြတဲ့ ယေရှုဟာ ကျွန်တော်တို့ စစ်ကိုင်းတိုင်းမှာတော့ ချင်းဘုရား လို့ လူသိများကြပါတယ်။) ယေရှုဆိုတဲ့အကြောင်းကို လူတစ်ယောက်က အမေ့ကို ပြောပြနေတာ ကြားတော့ ကျွန်တော့်ငယ်ထိပ်ကို မြွေပေါက်သလို ခံစားရပြီး သိထားမှတ်ထားတဲ့အတိုင်း အဲဒီ ခရစ်ယာန် တရားဟော ဆရာကို ပြန်ပြီး တရားဟော ဆုံးမလိုက်ပေမဲ့ နှစ်ပါတ်လောက်ကြာ တဲ့ အချိန်မှာတော့ ကျွန်တော့်ကို သူတို့ရဲ့ တရားပွဲ လာတက်ဖို့ ဖိတ်ခေါ်ကြတယ်။ ငါးကြင်းဆီနဲ့ ငါး ကြင်း ပြန်ကြော်မယ်လို့ ဆုံးဖြတ်ထားခဲ့ပြီး ကျွန်တော် တရားပွဲကို တက်ခဲ့တယ်။ တိုက်ခိုက်သင့်တဲ့အရာကို တိုက်ပြီး၊ ပိုက်သင့်တဲ့အရာကို ကျမ်းစာသင်တန်း တစ်လျှောက်လုံးမှာ ကျွန်တော် ရင်ဝယ်ပိုက်ခဲ့တယ်။ အဲဒီအထဲက တစ်ချို့ကို ပြန်ပြောရမယ်ဆိုရင် တစ်ဆူတည်းသော ဘုရားဆိုတာ ကျွန်တော့်အတွက် ‘ပိုက်’သင့်တဲ့ အရာပါ။

ပဒ္မာဝေဝီနဲ့ အခြား၊ အခြား ပုံဝတ္ထုတွေကို သိထားတဲ့ ကျွန်တော့်အတွက် “အပျိုကညာ၌ ဖွားမြင်ခြင်း” ကို မပစ်ပယ်ရက်ခဲ့ပါဘူး။ ယတြာ ဆိုတာ အကြိမ်ကြိမ်ပြုခဲ့ဖူးသူမို့ ကိုယ်စား အသေခံခြင်းဆိုတာကိုလဲ နားမှာ မရိုင်းခဲ့ပါဘူး။ ဟေဗြဲ ၁၃း၈ ကို မသိကျွမ်းခဲ့ပေမဲ့။ တစ်ဆူတည်းသော ဘုရားဟာ ဖောက်ပြန်ခြင်း မရှိကြောင်း ကျွန်တော် ယုံကြည်ထားခဲ့သည်မို့ အိုနာသေခြင်း ကင်းရာကို ရေငတ်သလို ငတ်နေခဲ့တဲ့ ကျွန်တော့်အတွက် ထာဝရအသက်ဆိုတာ သကာကို ပျားရည် လွှမ်းသလို ဖြစ်ခဲ့ရပါတယ်။ အထက်ပါအကြောင်းအရာ အတည်ပြုချက်တွေကို သင်တန်းမှာရှိတဲ့ ဆရာ နှင့် ဆရာမအားလုံးကို ကျွန်တော် အသိမပေးခဲ့ပါဘူး။ ဘာ့ကြောင့်လည်း ဆိုရင် ဘာသာတရားဆိုတာ လူတွေက တီထွင်လို့ရတာမို့ အဲဒီ ခရစ်ယာန် ဘာသာတရားရဲ့ နောက်က ထာဝရဘုရားကို သိနိုင်ဖို့ ကျွန်တော် ကြိတ်ပြီး ရှာဖွေနေခဲ့လို့ နောက်ဆုံးသင်တန်းမှာ အားလုံးက နှစ်ခြင်းခံကာ ခရစ်တော်ကို လက်ခံယုံကြည်ခဲ့ကြပေမဲ့ ကျွန်တော်ဟာ ‘သောမ’ ကဲ့သို့ သံသယရှိတဲ့ သူအဖြစ် အသိအမှတ်ပြုခြင်း ခံရပါတယ်။

***၄) ယုံကြည်လက်ခံ၍ နှစ်ခြင်းမင်္ဂလာခံယူခြင်း။***

ကျွန်တော့်ရဲ့ စမ်းသပ်ကာလတွေ အောင်မြင်ခဲ့ပါပြီ။ ခရစ်တော် ပြောခဲ့သလို အဖိုးအခကိုလဲ ကျွန်တော် တွက်ချက်ခဲ့ပြီးပါပြီ။ ကိုယ်တော် ကျွန်တော့်ကို ခွင့်လွှတ်တော်မူပြီး ကိုယ်တော့်ရဲ့ သာသနာမှာ အသက်ထက်ဆုံး လူသားများနှင့် အရှင့်ကြားမှာ ပေါင်းကူးတံတားအဖြစ် ကျွန်တော့်ရဲ့ ဘဝ အသက်တာကို ပေးလှူပါတယ်။ ဆိုတဲ့ စကားဖြင့် ကတိပေးပြီး နှစ်ခြင်းမင်္ဂလာ ကို ခံယူခဲ့ပါတယ်။ ကံပုလဲကို ကျွန်တော် ပြန်ရောက်ချိန်မှာတော့ မဖုံးကွယ်တတ်တဲ့ ကျွန်တော်ဟာ အဖွားရဲ့ အမေးစကား တစ်ခွန်းကို အစ အဆုံး ဖြေမိရာက ရွာရိုးကိုးပေါက်နားကို ရောက်သွားပြီး လက်ဦးဆရာ ပါမကျန် ရှင်းပြရင်း ဝေငှခွင့်ရမှန်းမသိ ဝေငှမိရာက ခရစ်တော်အကြောင်း ကို ပြောဆိုခွင့် ရခဲ့ပါ တယ်။ ရှင်ပေါလု ဆိုထားသကဲ့သို့ စိတ်ရင်း မျိုးစုံဖြင့် မေးမြန်း ဝေဖန်လာသူ အားလုံးကို ခရစ်တော်ရဲ့ မေတ္တာဖြင့် အနိုင်ရယူ လာရာက နှစ်လပြည့်သောအခါမှာတော့ “ငါ့မြေး ယေရှု အကြောင်းပြောမှာလား၊ ငါတို့နဲ့ နေမှာလား ရွေးပါ” ဆိုတဲ့ အဖိုးအဖွားတွေရဲ့ စကားကို ကြားရချိန်မှာ ကျွန်တော် အကျပ် တွေ့ခဲ့ရပါတယ်။ ငါးနှစ်သားမှ ဆယ့်ကိုးနှစ် တိုင်တိုင် ဘာသာတရားမှာ ကြီးပြင်းလာခဲ့ရသူမို့ ဘယ်ကိုသွားပြီး ဘာလုပ်ရမယ်ဆိုတာ မသိတော့ မိသားစုနဲ့ ဘုရားကြားမှာ ကိုယ်တော်ရဲ့ “ငါ၏ အခွင့်မရှိဘဲနဲ့ စာငှက်တစ်ကောင်ပင် သေခွင့်မရှိ” ဆိုတဲ့ စကားအတိုင်း ဖြစ်ချင်ရာ ဖြစ်စေတော့ ကိုယ်တော် မကျွေးက၊ ကျွန်တော် သေဖို့ အဆင်သင့်ပါ၊ ကိုယ်တော် ကျွေးက အစေခံဖို့ အသင့်ပါ ဆိုပြီး ကျွန်တော် ဘုရားသခင်ကို အာရုံပြုရင်း အိမ်က ထွက်လာခဲ့ပါတယ်။ ကာယအရာ၌ ဒုက္ခတွင်းသို့ အခြေနီးငြားလည်း စိတ္တအရာ သုခ တရားမှာကား မည်သည့် အရာကမှ မဖျက်ဆီးနိုင်ပါချေ။

***၅) ကောင်းကြီးများရေတွက်ခြင်း။***

ယေရုရှလင်မြို့ကို ငါပြုလေသမျှတို့၌ အကြောင်းမရှိဘဲ မပြုသည်ကို သိရကြလိမ့်မည်။ ယေဇကျေလ ၁၄း၂၃ဆိုတဲ့ စကားတော်အတိုင်း ကျွန်တော့်ရဲ့ ဘဝအစ (မယုံကြည်သူဘဝ) မှအဆုံး ( လက်ရှိအခြေအထိ) ပြန်လည်သုံးသပ်မိ လေတိုင်း ကျွန်ုပ်မှာ ဘုရားအား ပြန်လည်ခွန်းတုန့်ရန်ကား “ကောင်းပေသည် (ဝိညာဉ်ဖို့) ကျွန်ုပ်အဖို့” ဟူ၍သာ ဆိုစရာ ရှိပါသည်။ ကျွန်တော်လည်း လူထဲက လူမို့ ကြွားဝါချင်သော်ငြားလည်း ကြွားစရာ တစ်ခုမှ မရှိပါ။ သို့သော် ကျွန်တော် ကြွားဝါနိုင်သည်ကား “ယေရှုခရစ်တော်ပင် ဖြစ်သည်၊” ယခု ကျွန်တော့်ရဲ့ ဘဝကို ကျွန်တော် အမှန်အတိုင်းမြင်ခွင့်ရခဲ့ပါပြီ။ ကျွန်တော်ဟာ ဘုရားရှင်ရဲ့ ပုံသဏ္ဍာန်တော်နဲ့အညီ ဖန်ဆင်းထားခြင်း ခံရတဲ့သူ ဖြစ်ပြီး၊ အပြစ်ကြောင့် လက်ရှိဘဝမှာ ဒုက္ခနှင့် တွေ့နေရသော်ငြားလည်း တစ်နေ့မှာ အိုနာသေခြင်း ကင်းရာမှ ထာဝရဘုရားရှင်နဲ့ အတူ စံစားရမှာဖြစ်သလို ဘာသာတရားကို ပစ်ပယ်ခဲ့တဲ့ ကျွန်တော်ဟာ အခုတော့ ဘာသာတရားတို့ရဲ့ အထက်မှာ ရှိတဲ့ ထာဝရဘုရားကို ယုံကြည်လက်ခံခဲ့သူမို့ ကိုးကွယ်ရခြင်းရဲ့ အဓိပ္ပါယ်နှင့် အနှစ်သာရ ကျေးဇူးရလဒ် တို့ကိုလည်း ကောင်းမွန်စွာ မြင်တွေ့ ခံစားနားလည်ခဲ့ရပါပြီ။

၁၉၉၉ခုနှစ်မှာ အိမ်က ထွက်လာခဲ့တဲ့အချိန်မှာ ဘယ်ကိုသွားမယ်၊ ဘာလုပ်ရမယ်ဆိုတာ မသိခဲ့သော်ငြားလည်း “ဘုရား မစ က၊ သာသနာ အတွက် ထားရှိခဲ့တဲ့ ကျွန်ုပ်ဆန္ဒ ပြည့်ဝရမယ်” ဆိုသည့်စိတ်ဖြင့် လှမ်းခဲ့သည့်အတိုင်း ( လူ့အမြင်၌ ကိုယ်ထူကိုယ်ထ၊ ဝိညာဉ်အမြင်ဖြင့် အတူတကွ) ကျွန်တော် ဓမ္မပညာသင်ယူရင်း စာပေအားဖြင့်၄င်း၊ လက်တွေ့ နွေရာသီကျောင်း ပိတ်ရက်ကာလအားဖြင့်၄င်း ဘုရားရှင်၏ နိုင်ငံတော်အတွက် ပါဝင်ခွင့်ရသလို လိုအပ်မှု မှန်သမျှအားလုံးကို လည်း “ ကိုယ်မိဘတို့သည် အကျွန်ုပ်ကို စွန့်သော်လည်း၊ ထာဝရဘုရားသည် ချီယူတော်မူမည်” ဆိုသည့်စကားကို ယခု ကျွန်တော် လက်တွေ့ပြောနိုင်ပါပြီ။ ဘုရားရှင်၏ မစ ဖေးကူမှုအားဖြင့် ဘဝအတွက် အလင်းတရားကို ရရှိရုံမက သာသနာအတွက် အရည်အချင်းများအားဖြင့်လည်း ဖေးကူတော်မူခြင်းကို ခံရပါတယ်။

ကျွန်ုပ်တွေ့ကြုံရသည့်အရာ အဆိုးအကောင်းတို့ကိုလည်း ဘဝနာစေရ မည့်အစား ဘဝ မနာစေရဘဲ ဘာဝနာ ဖြစ်စေသည့် ဘုရားရှင်သည် ဘုန်းကြီး ပါစေသော်။ မိဘတို့စွန့်ပစ်ခြင်း ခံရသော်ငြားလည်း ထာဝရ ဘုရားသည် သစ္စာရှိစွာ ဖေးမကူရုံမက မိဘများ၏ ပြန်လည်လက်ခံခြင်းကိုရ၍ အချိန်တန် သောအခါ သာသနာ အရောင်အဝါအား ကျွန်ုပ်တို့၏ နိုင်ငံ ရပ်ရွာ တွင် ထွန်းလင်းစေမည့် ထာဝရဘုရားသည် ကမ္ဘာ အဆက်ဆက် ဘုန်းကြီးပါစေသော်။ နာမတော်မြတ်၌ **( Samuel Soe Lwin )**

---

## ကြယ် ( မာရာနသာနီနီခိုင် )



ခရစ္စမတ်ရောက်တိုင်း လူအများစုဟာ မိမိတို့ရဲ့ နေအိမ်မှာ ကြယ် အ ရုပ်လေးတွေကို ပုံစံမျိုးစုံ ပြုလုပ်ပြီးတော့ အလှဆင်မြန်းကြပါတယ်။ လသာ တဲ့ည တိုင်းမှာ ကောင်းကင်ကို မျှော်ကြည့်ပြီး ကြယ်များကို မြင်တွေ့ရသည်မှာကြည်နူး စရာကောင်းလှပြီး ဖန်ဆင်း ရှင်ရဲ့ လက်ရာတော်ကို ချီးမွမ်းမိပါတယ်။ ကြယ်ဟာ နိမိတ် လက္ခဏာကို ပုံဆောင်ပါတယ်။ မာဂုပညာရှိများဟာ ကြယ်ကို မြင်တာ နဲ့ မေရှိယ ဖွားမြင် ခြင်းကို သိကြပါတယ်။ **“ကြယ်ကို ငါတို့သည် (မာဂု ပညာရှိတို့သည်) မြင်ရသည်ဖြစ်၍ ဖူးတွေ့ခြင်းငှာ ရောက်လာကြပြီ။ မဿဲ ၂း၂”**

**အရှေ့ပြည်၌ မြင်ရသော ကြယ်သည် သူတို့ရှေ့က သွားသဖြင့် သူငယ်တော်ရှိရာ အရပ်ပေါ်သို့ ရောက်၍ တည့်လျှက်နေ၏။ ထိုကြယ်ကို မြင်သောအခါ အလွန် ဝမ်းမြောက်ဝမ်းသာခြင်း ရှိ၍...။ မဿဲ ၂း၉၊၁၀**

ကြယ်ကို ထောင့်ငါးထောင့်နဲ့ ပါဝင်ဖွဲ့စည်းထားပြီး တစ်ထောင့်တိုင်းစီမှာ အဓိပ္ပါယ်နဲ့ နာမည် အသီးသီးရှိကြပါတယ်။ ၁)ယုံကြည်ခြင်း၊ ၂)မျှော်လင့်ခြင်း၊ ၃)ချစ်ခြင်း၊ ၄)လမ်းပြခြင်း၊ ၅)အောင်မြင်ခြင်း တို့ဖြစ်ပါတယ်။

**၁)ယုံကြည်ခြင်း။** ရှေးပရောဖက်များရဲ့ ဗျာဒိတ်တော်ကို ယုံပြီး မေရှိယကို ကိုးကွယ်ရန်အတွက် မာကုပညာရှိများကို လမ်းပြခဲ့သလို ပညာရှိတွေကလဲ ယုံကြည်ခြင်းနဲ့ ကြယ် နောက်ကို လိုက်လာခဲ့ကြပါတယ်။ ဒီကနေ့ လူသားများအတွက် သခင်ယေရှုဟာ လက်ဝါးကပ်တိုင်မှာ အသေခံခဲ့တာကို လက်ခံတဲ့သူဟာ ငရဲကျခံရမည့် အခြေမှနေ၍ ဘုရားသခင်ဟာ မိတ်ဆွေကို နေရာပြောင်းပြီး အသက်ရှင်စေမှာဖြစ်ပါတယ်။ **မှောင်မိုက်တန်ခိုးမှလည်း၊ ငါတို့ကို**

**နှုတ်၍ ချစ်တော် မူသော သားတော်၏ နိုင်ငံထဲသို့ သွင်းတော်မူ၏။ ကောလောသဲ ၁း၁၃။**

* ကြယ်ရဲ့ နံပါတ် တစ် အချက်ကတော့ သခင်ခရစ်တော်ကို ယုံကြည်ဖို့ပါဘဲ။

**၂) မျှော်လင့်ခြင်း။** ဘုရားသခင်ဟာ ထာဝရ အသက်ကိုပေးရုံတင် မကဘဲ လောကကြီးထဲမှာ နေထိုင်သောအခါ၌လည်း သူ့ကို ယုံကြည်စိတ်ချစွာနဲ့ မျှော်လင့်ပြီး နေ့စဉ် အသက်ရှင်ဖို့နှင့်အတူ။ အရာခပ်သိမ်းကို တတ်နိုင်တဲ့ ဘုရား သခင်ဆီမှာ မျှော်လင့်ခြင်းဖြင့် အသက်ရှင်ရန်အတွက် သွန်သင်ထားပါတယ်။ **ယုံကြည်ခြင်း မရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား ဘုရား သခင် အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင် ရှိတော်မူ သည်ကို လည်းကောင်း၊ ကိုယ်တော်ကို ရှာသော သူအား အကျိုး ပေး တော်မူ သည်ကို လည်းကောင်း ယုံကြည်ရမည်။ ဟေဗြဲ ၁၁း၆**

ကြယ်ရဲ့ နံပါတ်နှစ် အချက်ကတော့ အရာခပ်သိမ်းကို တတ်နိုင်တဲ့ ဘုရား သခင်ကို မျှော်လင့်လျှက် ရှာသောသူဖြစ်ရပါမယ်။

**၃) ချစ်ခြင်း။** ခရစ်တော်ရဲ့ ချစ်ခြင်းမေတ္တာဟာ ကြီးမားလှပါတယ်။ ခရစ်တော်ဟာ လူတွေ ငရဲကို မသွားဖို့ရန်အတွက် သူ့ရဲ့ ခန္ဓာကိုယ်ကို ယဇ်ကောင် အဖြစ် အပူဇော်ခံပြီး ငရဲသွားရာ တံခါးလမ်းကိုပိတ်ကာ ထာဝရ ကောင်းကင် နိုင်ငံကို မေတ္တာကြိုးကလေးနဲ့ ပို့ဆောင်ပေးခဲ့ပါတယ်။ ဒါတင် မကပါဘူး။ နေ့စဉ် ဒုစရိုက်မလုပ်ဖို့ရန်အတွက် သွေးဆောင်ခဲ့ပါတယ်။ **ခရစ် တော်၏ ချစ်ခြင်း မေတ္တာ တော်သည် ငါတို့ကို အနိုင်အထက် သွေးဆောင်တော်မူ၏။ ၂ကော ၅း၁၄။**

ကြယ် ရဲ့ နံပါတ် သုံး အချက်ကတော့ ဘုရားသခင်ရဲ့ တစ်ဘက်သတ် မေတ္တာ တော်ကို ဖော်ညွှန်းထားပါတယ်။

**၄) လမ်းပြခြင်း။** ဒီကမ္ဘာ လောကကြီးမှာ မိတ်ဆွေ အသက်ရှင်သွားပြီး တစ်နေ့ သေဆုံးချိန်၌ "လူသာသေတယ် နာမည် ကျန်ခဲ့တယ်" ဆိုတဲ့စကားလို မိတ်ဆွေ အသက်ရှင်စဉ်မှာ ပြသခဲ့တဲ့လမ်း၊ လျှောက်ခဲ့တဲ့လမ်းဟာ အရေးကြီး လှပါတယ်။ တစ်ခါ က လူငယ်ခရစ်ယာန်ပုံပြင် စာအုပ်တစ်အုပ်မှာ "ခြေရာ" လို့ ခေါင်းစဉ်တပ်ထားတဲ့ ပုံပြင်တစ်ပုဒ်ကတော့ တစ်ခါက သားအဖ နှစ်ယောက် ရှိတယ်။ အဖေလုပ်သူက သားကို "ငါ့သားအိမ်မှာ ကျန်ခဲ့နော်၊ အဖေ အပြင် သွားအုံးမယ်" တဲ့ သားဖြစ်သူကလည်း "ဟုတ်ကဲ့ အဖေ"ပေါ့။ ဒါနဲ့ဘဲ အဖေဟာ အရက်ဆိုင်မှာ သူငယ်ချင်းများနဲ့ ထိုင်နေတဲ့အချိန်မှာ "အဖေ" လို့ ခေါ်သံကြား လို့ လှည့်ကြည့်လိုက်တဲ့အခါ သားကိုတွေ့လိုက်ရတဲ့အတွက် "မင်း ဘယ်လိုလုပ်ပြီး ငါ့နောက်လိုက်လာတာလဲ" လို့မေးလိုက်တဲ့အခါ သားက "အဖေ့ ခြေရာကို ကြည့်ပြီးလိုက်လာတာပါ" လို့ပြန်ဖြေပါတယ်။

**သင်တို့ကို ခေါ်တော်မူပြီ၊ ခရစ်တော်သည် ငါတို့အတွက် ခံ တော်မူ သည် ဖြစ်၍ ခြေတော်ရာကို လျှောက်လိုက်စေခြင်းငှာ ပုံသက်သေကို ထားတော်မူပြီ။ ၁ပေ ၂း၂၁။**

ကြယ်ရဲ့ နံပါတ် ၄ ကတော့ မိမိရဲ့ အသက်တာအားဖြင့်လည်း ခရစ်တော်ကို မြင်စေဖို့ ပတ်ဝန်းကျင်က လူတွေကို ကယ်တင်ရှင်ဆီ လမ်းပြ ပို့ဆောင်ပေးရပါမယ်။

**၅) အောင်မြင်ခြင်း။** သခင်ခရစ်တော်ဟာ သေခြင်းကို အောင်မြင်ခဲ့ပြီးဖြစ်တဲ့ အတွက် ယုံကြည်သူများဟာ နေ့စဉ် အသက်တာမှာ နှုတ်ကပါတ်တော်နှင့် သွားလာရင် အောင်မြင်မှုကို ရရှိမှာဖြစ်ပါတယ်။ **"ဘုရားသခင်၏ သားဖြစ်သောသူ မည်သည်ကား လောကကို အောင် တတ်၏။ လောကကို အောင်ခြင်း အကြောင်း မူကား ငါတို့၏ ယုံကြည်ခြင်း ပေတည်း" ၁ယော ၅း၄–၅။**

ကြယ်ရဲ့ နံပါတ် ၅ ကတော့ ခရစ်တော်ကို ယုံကြည်ရင် အရာ ခပ်သိမ်း ကို အောင်မြင်မှာ ဖြစ်ပါတယ်။

ခရစ်တော်ရဲ့ ခြေတော်ရာကို လိုက်လျှောက် အသက်ရှင်ပြီး၊ ဘုရား အလို အတိုင်း အသက်ရှင်တဲ့သူများဟာ ကြယ်ကလေးများဖြစ်ရန် နှုတ်ကပါတ်တော်က **"သူတပါးတို့သည် သင်တို့၏ ကောင်းသောအကျင့်ကို မြင်၍ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့ အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ သူတပါးရှေ့၌ သင်တို့၏ အလင်းကို လင်းစေကြလော့။ မဿဲ ၅း၁၆** လို့ ဆိုထားပါ တယ်။ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ယုံကြည်သူများရဲ့ အသက်တာမှာ 'ကြယ်' ကဲ့သို့ထွန်းလင်းနိုင်ကြပါစေ။ **( မာရာနသာနီနီခိုင် )**

---



# မိသားစု

**သားသမီးတို့ သခင်ဘုရား၏ အလို တော်နှင့် အညီ မိဘစကားကို နားထောင်ကြလော့။ ဧဖက် ၆း၁။**

**အဘတို့ ကိုယ် သားသမီးကို စိတ်ဆိုး စေခြင်းငှာ မပြုကြနှင့်။ ဧဖက် ၆း၄**

(( မိ ဘ + သားသမီး = မိသားစု ))

မိဘဆိုတာ သားသမီးတွေအတွက် အရေးကြီး ပုဂ္ဂိုလ်တွပါ။ တစ်ဦးနဲ့ တစ်ဦး ချစ်တတ်ဖို့ စာသင်ကျောင်းက သင်လာတာ မဟုတ်ပါဘူး။ မိဘကိုကြည့် ရင်း သားသမီးတွေ သင်ယူလာကြတာပါ။ မိဘတွေရဲ့ ပျော်ရွှင်ဝမ်းမြောက်မှုနဲ့ အပြုံးတွေဟာ သားသမီးတွေရဲ့ အသက်သွေးကြောပါ။ တစ်ခါတစ်ရံ နားလည်မှု တွေ မောင်နှမချင်းတွေကြားမှာ ကွဲလွဲသွားခဲ့ရင် မိဘတွေ သင်ပေးခဲ့တဲ့ ကားတိုင် ပေါ်က ခရစ်တော်ရဲ့ ဝေဒနာ ခံစားခဲ့တာကို သတိရမိခဲ့ရင် တစ်ဦးနဲ့ တစ်ဦး ခွင့်လွှတ်ပြုံးနဲ့ပျော်ရွှင်စွာ လက်ခံနိုင်ကြမှာပါ။

သင် မိဘတစ်ဦးဖြစ်ခဲ့ရင် စာသင်ကျောင်းမှာ မသင်ခဲ့ရတဲ့ သင်ခန်းစာ တွေကို သားသမီးတွေကို သင်ပြနိုင်အောင် ကြိုးစားပေးပါ။ ဒီကနေ့ ကမ္ဘာပေါ်မှာ နာကျင်စွာ ခံစားနေရတာတွေဟာ မိသားစု အတွင်းက စလာ၊ သန္ဓေတည် လာ တာပါ။ တစ်ဦးနဲ့ တစ်ဦး မကြည်ဖြူမှုတွေ၊ မပြောဆိုနိုင်မှုတွေ၊ တစ်ဦး ပျော်ရွှင် တာကို တစ်ဦးက မနာလိုမှုတွေနဲ့ ပြည့်ဝ နေတဲ့ အခါ ကမ္ဘာကြီးဟာ ပုပ်စပ် လာခဲ့ရပါတယ်။ သားသမီးက မိဘကို ကရုမစိုက်၊ လုပ်ချင်ရာ လုပ်နေတာတွေ ယောကျ်ားက မိန်းမ၊ မိန်းမက ယောကျ်ားကို ကရုမစိုက်တာတွေကြောင့် ဒီကနေ့ Home Sweet Home လေးတွေ ပျောက်ကွယ်နေရတယ်။ မိသားစု အတွင်းမှာ ပျော်ရွှင် ငြိမ်းချမ်းမှုနဲ့ တစ်ဦးနဲ့ တစ်ဦး နားလည်မှု ပေးနိုင်ခဲ့ရင် Home Sweet Home ဆိုတာလဲ ချိုမြိန် နေဆဲပါ။ ( နိုဝင်ဘာလတွင် ကျရောက်သော ခရစ်ယာန် အိမ် ထောင် ရက်သတ္တပါတ်သို့ ရည်မှန်းလျှက်)။ **မလေး ( ဂျူလိုင် )**

---

## သက်သေခံချက် (ဗလက်ခင်ရှိန်း (Sophia) )

**ဆာလံ ၉၁၊ အမြင့်ဆုံးသော ဘုရား၏ ကွယ်ကာရာ ဌာနတော်၌ နေသော သူသည် အနန္တတန်ခိုးရှင်၏ အရိပ်ကို ခိုရလိမ့်မည်။**

ကျွန်မ စင်ကာပူကို ရောက်လာခဲ့တာ နိုဝင်ဘာ ၂၄ မှာ တစ်နှစ် ပြည့်သွားပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်သာ စင်ကာပူနိုင်ငံထဲမှာ ယခု အချိန်အထိ နေထိုင်နိုင်ခဲ့ပါတယ်။ စိတ်ဆင်းရဲခြင်း အမျိုးမျိုးကို ဖြတ်သန်း ရင်ဆိုင်နေရတဲ့ ဒီအလုပ်မျိုးကို လုပ်ရင်း တစ်ခါတစ်ခါ ဘုရားသခင်ကို မေးခွန်းတွေ မေးမိပါတယ်။ ဘာ့ကြောင့်လဲ၊ ဘာတွေဖြစ်နေလို့လဲပေါ့။ စဉ်းစား ကြည့်လေ၊ အဖြေက ရှင်းနေတာပါဘဲ။ ကိုယ်တော် အလိုတော် ရှိနေလို့ ဆိုတာ ပါဘဲ။ အဆင်မပြေမှုတွေကြားမှာ တစ်ခါတစ်ခါ ယုံကြည်မှုတွေ ပျောက်ဆုံး ခဲ့တယ်။ ဘာလုပ်ရမှန်း မသိတော့တဲ့အချိန်မှာ ကိုယ်တော် ဘယ်မှာလဲလို့ ခနခန မေးနေခဲ့မိပါတယ်။ တကယ်တော့ ကိုယ်တော်ဟာ ကျွန်မကို အစဉ်အမြဲ ဆုပ်ကိုင်ထားပါတယ်။

ယခု လက်ရှိလုပ်နေတဲ့ အလုပ်ဟာ ကြုံခဲ့ပြီးသော အလုပ်တွေထက် အဆပေါင်းများစွာ ဘုရားရှင်ပေးတဲ့ ငြိမ်သက်ခြင်းကို ခံစားရပါတယ်။ ကိုယ်တော် အတူ ပါရှိနေတယ်ဆိုတာလဲ ဖော်ပြနေပါတယ်။ စိုးရိမ်တဲ့အခါတိုင်းလဲ ကိုယ်တော်ကို ခေါ်ပြီး "ယေရှုဘုရား ကျွန်မတို့ဟာ မိသားစုနဲ့ ခွဲပြီး အဝေးကြီး ကနေ အလုပ်လာလုပ်တဲ့သူတွေပါ ဘုရားသခင်မှတပါး ကိုးကွယ်ရာမရှိပါ၊ ယုံ ကြည်စရာ မရနိုင်ပါ။ ကျွန်မတို့နဲ့ အတူရှိပါ" လို့ဆုတောင်းခဲ့ပါတယ်။ ကျွန်မ စင်ကာပူမှာ အလုပ်လုပ်နေတာ ၄လ ထဲကို ရောက်လာပါပြီ။ တစ်လတစ်ခါ ထွက်ခွင့်ရခဲ့ပါတယ်။ သူငယ်ချင်းပေးလိုက်တဲ့ သခင့်စကားစာစောင်ကို ဖတ်ရတဲ့ အခါမှာ ရင်ထဲက ဘုရားသခင်ဆီက ခံစားရတဲ့ ကျေးဇူးတော်တွေကို မှတ်မှတ်ရရ မှတ်တမ်းရေးပြီး ကျေးဇူးတော်ချီးမွမ်းချင်ပါတယ်။ ကျွန်မ စင်ကာပူမှာ လုပ်ရတဲ့ အလုပ်က ခြေထောက်နှစ်ချောင်း ဖြတ်ခံထားရတဲ့ အဖွားအိုကြီးကို ကြည့် ပေးရ ပါတယ်။ တခြားလိုအပ်တဲ့ အိမ်ကိစ္စတွေကိုလဲ လုပ်ပေး ရပါတယ်။ အိမ်က သုံးထပ်၊ ခြေထောက်မရှိတဲ့ အဖွားကို ကြည့်ရ မယ်ဆိုလို့ စိတ်ညစ်သွားပေမဲ့ အလုပ်ရှင်တွေက ယုံကြည်သူတွေဖြစ်နေလို့ ဖြေသာ ခဲ့ရပါတယ်။ အလုပ်လုပ်ရင်း ၄လကျော်သွားတဲ့ တစ်နေ့မှာ ကျွန်မ ဘဝမှာ အကြီးမားဆုံးသော စုံစမ်းခြင်းနဲ့ ကျွန်မ အမုန်းဆုံးသော အရာက ကျွန်မ အပေါ်ကို တည့်တည့်မတ်မတ် ကျလာတဲ့ စုံစမ်းခြင်းကိုခံလိုက်ရပါတယ်။ အဲဒါကတော့ လူပုံ အလယ်မှာ အရှက်ခွဲ ခံရခြင်းပါဘဲ။

တစ်နေ့ အဖွားနဲ့ ကျွန်မ ဘုရားကျောင်းကို သွားခဲ့ပါ တယ်။ ဘုရားကျောင်းထဲမှာ ထိုင်နေကျ နေရာမှာထိုင်နေခဲ့ပြီး ဝတ်ပြု ကိုးကွယ်ခြင်း စခဲ့ပါတယ်။ တရားဟော ဆရာက အင်္ဂလိပ်လို ဟောတဲ့အတွက် ကျွန်မ နားထောင်နေလိုက်ပါတယ်။ ကျမ်းစာထဲမှာ ဘုရားသခင် ပြောခဲ့တဲ့

ကတိစကားတွေက ဒီကမ္ဘာမှာ သက်သေတည်ကြောင်း ယေရှုရှင်ကို ဘုရားသခင် ပြန်လည်ထူထောင်မယ်ဆိုတဲ့ အကြောင်းကို သမ္မာကျမ်းမှာ ပါတဲ့အတိုင်း အခု ပြည့်စုံနေပြီ ဆိုတဲ့အကြောင်း ကြားရလို့ ကျွန်မ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းခဲ့ပါတယ်။

အဲဒီအချိန်မှာ အဖွားဆီက "ကျသွားပြီ၊ ပြုတ်ကျသွားပြီ" ဆိုတဲ့ အော်သံကြားလိုက်ရပါတယ်။ ကျွန်မက သူ့ခြေထောက်ကို ဖုံးထားတဲ့ မျက်နှာသုတ်ပုဝါကြီး ပြုတ်ကျသွားလို့ အော်တယ်ထင်ပြီး ပြန်တင်ပေးလိုက်ပါတယ်။ ကျွန်မက ဆရာတရားဟောတဲ့ ကျမ်းချက်တွေကို ဘောပင်နဲ့ စာအုပ်ထဲမှာ ရေးမှတ်ချိန်မှာ အဖွားက အော်လိုက်တာဖြစ်လို့ မတ်တပ်ရပ်ပြီး မျက်နှာသုတ်ပဝါ ပြန်တင်ပေးလိုက်တဲ့ အချိန်မှာ ကျွန်မ ပေါင်ပေါ် တင်ထားတဲ့ ဘောပင် ပြုတ်ကျသွားပါတယ်။ ပြန်ကောက်မယ် အလုပ်မှာ ဘေးခုံမှာ ထိုင်နေတဲ့ အဘိုးတစ်ယောက်က "ဟိုမှာ" ဆိုပြီးဘောပင်ကို လက်ညှိုးထိုးပြတဲ့ အတွက် ကျွန်မ လှမ်းအကောက်မှာ အဖွားက " ဘယ်မှာလဲ ငါ့လက်စွပ် ပြန်ပေး၊ ငါ့လက်စွပ် နင်ကောက်ပြီး ယူထားတယ်၊ ပြန်ပေး" လို့ ထအော်ပါတယ်။

ကျွန်မလဲ မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရပါတယ်။ ခေါင်းလဲ ကြီးသွားပါတယ်။ မှုန်းကျပ်ပြီး ဘာပြန်ပြောရမှန်း မသိတော့ပါဘူး။ အဖွားက အသက် ၈၀ကျော်ပေမဲ့ ခန်းမ တစ်ခုလုံးကြားရလောက်အောင် အသံကကျယ်တဲ့ အပြင် ဘုရားဝတ်ပြုတာ မပြီးသေးတာမို့ လူတွေအားလုံးက ကျွန်မကို အထင်သေး၊ မသင်္ကာတဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြတဲ့အတွက် ကျွန်မ ရှက်လွန်းလို့ ဆောက်တည်ရာမရဘဲ နေရာမှာတင် ငိုကြွေးနေခဲ့မိတယ်။ သူတို့က အင်္ဂလိပ်လို နားမလည်၊ ကျွန်မကလဲ တရုတ်လို မရှင်းပြ တတ်တဲ့အတွက် ပိုရှုပ် ကုန်ပါတယ်။ ကျွန်မ ဘေးနားမှာ ထိုင်နေတဲ့ အင်ဒိုနီးရှားမလေးနဲ့ အကူဝန်ထမ်းတစ်ယောက်က ကျွန်မ မယူကြောင်း ဝိုင်းရှင်းပြပေးပေမဲ့ အဖွားက "ပြန်ပေး ပြန်ပေး"ဆိုပြီး အဆက်မပြတ် အော်နေပါတယ်။

လူတစ်ယောက်က ဘုရားဝတ်ပြုတာ အနှောက်အယှက် မဖြစ်ရအောင် ကျွန်မကို အနောက်ဘက်ကို ခေါ်သွားပါတယ်။ မတ်တပ်ရပ် နိုင်စွမ်းမရှိတော့လို့ နေရာမှာတင် ကျွန်မ ထိုင်ချလိုက်ပြီး ဆာလံ ၆၁ ကို စိတ်ထဲကနေ ရွတ်ဆိုနေမိတယ်။ ကျွန်မကို ခေါ်သွားတဲ့ သူကလဲ မကြောက်နဲ့ ဘုရားရှင်ရှိတယ်လို့ပြောပြီး ကျွန်မကို ဆုတောင်းပေးပါတယ်။

ဝတ်ပြုချိန်ပြီးလို့ ပြန်တဲ့သူတွေ ပြန်သွားကြပြီးတဲ့အခါ ကျွန်မ စီးရမဲ့ ကားထဲမှာ ပါလာတဲ့ စင်ကာပူ နိုင်ငံသား သားအမိနှစ်ယောက်ကလဲ ကျွန်မ အတွက်ဆုတောင်းပေးကြပါတယ်။ အရင်တုံးက သူတို့ကို ကျွန်မကြည့်လို့ မရပါဘူး။ စကားပြောတာ တင်စီးလို့ပါ။ အခု ကျွန်မသူတို့ကို ချစ်နိုင်ခဲ့ပါပြီ။ ခြေထောက်မရှိတဲ့ အဖွားကို ပြုစုရတာ ယေရှုကို ပြုစုသလိုဘဲလို့ သူတို့က ပြောပါတယ်။ ကိုယ့်အမေတောင် အဝေးကြီးမှာရှိနေလို့ မပြုစုနိုင်တာ အခု အဖွားကို ပြုစုခြင်းအားဖြင့် ဘုရားသခင်ရဲ့ ကောင်းကြီးမင်္ဂလာတွေ အမေ့ဆီ ရောက်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။ အဲဒီညမှာ လုံးဝ မအိပ်နိုင်ဘဲ "ဘုရားသခင် ကျွန်မကိုကယ်ပါ၊ အတောင်တော်နဲ့ ဖုံးအုပ် ကွယ်ကာပါ" လို့ ဆုတောင်းခဲ့ပါတယ်။



ဘုရားသခင်ဟာ တကယ်ဘဲ အသက်ရှင်စွာနဲ့ ကျွန်မဘက်မှာ ရပ်တည်ပေးခဲ့ပါတယ်။ အဖွားရဲ့ လက်စွပ်ကို သူ့ရဲ့ Wheel Chair ပေါ်မှာ ဘုရားသခင်က ပြန်တင်ပေးခဲ့ပါတယ်။ တကယ်ဆို ဘယ်လိုမှ မဖြစ်နိုင်တဲ့ အရာပါ။ ဘာဖြစ်လို့လဲဆိုရင် အဖွားဟာ ခြေထောက်မရှိတဲ့ အတွက် Wheel Chair ခုံပေါ်ကနေ ကုတင်ပေါ် တက်ချင်ရင် ခုံရဲ့ မျက်နှာပြင်ကို တင်ပါးနဲ့ ပွတ်တိုက်ပြီးမှ တက်လို့ရတာပါ။ သူသွားတဲ့အခါတိုင်း ကျွန်မဘဲ ကူပေးရတာပါ။ သူ့ Wheel Chair ပေါ်မှာ ဖုံမှုန့်တောင် တင် မကျန်နိုင်ပါဘူး။ အံ့သြ စွာနဲ့ နောက်နေ့ မနက်မိုးလင်းတဲ့အချိန်မှာ ခုံရဲ့ အလယ်ခေါင်မှာ သူပျောက်သွားတဲ့ လက်စွပ်ကို ပြန်တွေ့ပါတယ်။ ညဘက် သူအိပ်ယာ ဝင်တော့ ကျွန်မ ကိုယ်တိုင် အိပ်ယာပေါ် တင်ပေးခဲ့တဲ့ အချိန်မှာ Wheel chair ပေါ်မှာ ဘာလက်စွပ်မှ မရှိပါဘူး။ မနက်မိုးလင်းတဲ့အချိန်မှာ လက်စွပ်ကို ပြန်တွေ့ရတဲ့အတွက် သူ ကောက်စွပ်လိုက်ပြီး ကျွန်မကိုလဲ ဘာမှ ပြဿနာ မရှာတော့ပါဘူး။ ကိုယ်တော်ဟာ ကျွန်မကို အတောင်တော်အမွေးနဲ့ ဖုံးအုပ်ထားတယ်ဆိုတာ သေချာပါတယ်။ ကျွန်မ အရမ်းကို အံ့သြရပါတယ်။ သူတို့ကို ပြောပြရင်လည်း ယုံနိုင်စရာ မရှိဘူးလို့ အငြင်းခံ ထိမှာစိုးလို့၊ ဒီအမှန်တရားကို ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး။

ကျမ်းစာထဲမှာ မတရားသော သူရဲ့အပြစ်ကို မြင်ရုံမျှသာ ရှိလိမ့်မည်တဲ့။ **သင်၏အနားမှာ လူတစ်ထောင်၊ သင်၏ လကျ်ာဘက်မှာ လူတစ်သောင်း လဲသော်လည်း သင့်ကို မထိမခိုက်ရ၊ သင်သည် ကိုယ်မျက်စိနှင့်ကြည့်၍ မတရားသော သူတို့၌ ရောက်ရသော အပြစ်ကို မြင်ရုံမျှသာ ရှိလိမ့်မည်။ ဆာလံ ၉၁း၇-၈**

မိတ်ဆွေရဲ့ ဘဝလမ်းမှာ ဘယ်လောက်ဘဲ တော်နေပါစေ၊ ဘယ်လောက်ဘဲ ညံ့နေပါစေ၊ အရာအားလုံးဟာ ဘုရားသခင်ရဲ့ လက်ထဲမှာဘဲရှိပါတယ်။ သခင်က ကျွန်မတို့ မထမ်းနိုင်တဲ့ ကားတိုင်ကို မပေးပါဘူး။ ငါ့ကို အပြစ်တင် စွပ်စွဲတဲ့သူကို ယေရှုနာမနဲ့ ခွင့်လွှတ်နိုင်ရမယ်။ ဆိုပြီး ကျွန်မ ဆုတောင်းတယ်။ ခွင့်လွှတ်နိုင်သော နှလုံးသားကိုပေးပါ။ သနားခြင်းကို ပေးတော်မူပါလို့ သူတို့ကို မေတ္တာပို့ပေးတယ်။ အခုတော့ ကျွန်မ နှလုံးသားမှာ အလင်းကိုရခဲ့လို့ ကျွန်မ ပါတ်ဝန်းကျင်ကိုပါ လင်းနိုင်အောင် ကြိုးစားနိုင်ပါပြီ။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တဲ့အတိုင်း နှလုံးသားတိုင်း ချစ်ခြင်းမေတ္တာနဲ့ ပြည့်ဝနိုင်ပါစေလို့ ။ ဘုရားသခင်ရဲ့ ကောင်းကြီးမင်္ဂလာတွေ မိတ်ဆွေ၊ ရန်သူ၊ သိသူ၊ မသိသူ အားလုံးအပေါ်သို့ သက်ရောက်ပါစေလို့ ဆုတောင်းရင်း ။ ခရစ်တော်၏ မေတ္တာ၌ – **မလက်ခင်ရိုနီး ( Sophia)**

---

## အိပ်မက်ထဲကချစ်သက်သေ (ဆုရနိုင်း)



အမှုများသောသူဟာ အိပ်မက်များစွာ မက်တတ်ကြသလို မက်သော အိပ်မက် တိုင်းဟာလည်း မှန်လေ့ မရှိဆိုတဲ့ ကျမ်းချက် လေးကို ကျွန်မဖတ်ရင်း ရယ်မောလိုက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ များလိုက်တဲ့ အမှုတွေကြားမှာ မက်လိုက်ရတဲ့ ကျွန်မရဲ့ အိပ်မက်များက ရုပ်ရှင်ရိုက်လို့တောင် ရပါတယ်။ သို့သော်လဲ အိပ်မက်ထဲမှာလဲ ဘုရားသခင်ရဲ့ စကားသံနဲ့ ဖော်ပြချက်များကို ရရှိခံစားနိုင်တဲ့အတွက် အမှတ်တရ မက်ခဲ့ဖူးတဲ့ အိပ်မက် ၃ ခုကို ကျွန်မရဲ့ မွေးလမှာ ချစ်သော စာဖတ်သူများကို သက်သေခံပါရစေ။

**အိပ်မက် ၁)** လက်သန်းသာသာ လောက်ရှိတဲ့ မြွေသေးသေးလေးက ကျွန်မကို ရန်မူပြီး ခုန်ဆွ ခုန်ဆွနဲ့ ပါးပြင်းထောင်လျက်ရှိပါတယ်။ ထူးဆန်းတာ ကတော့ အဲဒီမြွေဟာ အမြီးမရှိဘဲ ဦးခေါင်းဘဲ ရှိနေပါတယ်။ အဆိပ်ပြင်းတဲ့မြွေ လို့ စိတ်ထဲမှာ ခံစားရပြီး ပြန်လည်ခုခံဖို့ တစ်စုံတစ်ခုကို ရှာသော်လည်း ကျွန်မ အနားမှာ တုတ်တစ်ချောင်းတောင် မရှိပါ။ စိုးရိမ်မှုတွေနဲ့ ကျွန်မ ကြောက်လန့်လို့ နေပါတော့တယ်။ ထိုမြွေဆိုးဟာ ခုန်ပြီး ကျွန်မကို ပေါက်ခါနီး အချိန်မှာ တစ်ယောက်ယောက်က တောင်ဝှေးတစ်ခု လှမ်းပေးခြင်းကို ခံလိုက်ရပါတယ်။ တောင်ဝှေးကို လျင်မြန်စွာ စွဲယူလိုက်ပြီး မြွေ ရဲ့ခေါင်းကို ထုချေလိုက်ပါတယ်။ မြွေရဲ့ခေါင်းဟာ အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားပါတယ်။ (ဟာလေလုယာ) ဆာလံ ၂၃ မှာပါတဲ့ တောင်ဝှေးတော်ဟာ ကျွန်မကို ချမ်းသာစေခဲ့ပါတယ်။

**အိပ်မက် ၂)** မည်းမှောင်နေတဲ့ အမှောင်ထုကြားထဲမှာ ကျွန်မကြောက်လန့်တကြား ပြေးလွှားနေပါတယ်။ နောက်က လိုက်လာတဲ့ သတ္တဝါ ဆိုးကြီးတွေက ဒေါသတကြီးနဲ့ အဆက်မပြတ်လိုက်လို့ နေပါတယ်။ ထိုသတ္တဝါ ဆိုးကြီးများရဲ့ ကြောက်စရာကောင်းတဲ့ ပုံသဏ္ဍာန်ကို အမှောင်ထုတွေကြားမှာ ကွဲကွဲပြားပြား မမြင်ရပေမဲ့ ထိတ်လန့်တကြား ပြေးနေရတာကတော့ အမှန်ဘဲဖြစ်ပါတယ်။ လွတ်လမ်းကို ရှာပေမဲ့ မတွေ့ပါ။ ပတ်ပတ်လည်မှာလဲ အမှောင်ထုတွေကိုဘဲ တွေ့နေရပါတယ်။ တစ်နေရာ အရောက်မှာ ချောင်ပိတ်မိ နေတဲ့ အတွက် လွတ်ရာလမ်းကို ရှာပေမဲ့ မတွေ့ပါ။ နံရံလို ကာထားတဲ့ အမှောင်ထုကြီးကို ကျောကပ်ပြီး ရပ်နေရပါတယ်။ နီးကပ်လာတဲ့ သတ္တဝါဆိုးကြီးတွေ မိအံ့ဆဲဆဲ အချိန်မှာ ကျွန်မ လက်က ရုတ်တရက် နံရံကြီးအား တွန်းမိ၍ တံခါးလေးတစ်ခု ပွင့်ထွက်သွားပါတယ်။ ထူးဆန်းတာကတော့ ကျွန်မ ဝင်လိုက်တဲ့ နေရာလေးဟာ ဘုရားကျောင်းလိုလို၊ ဟောခန်းမကြီးလိုလို ဖြစ်ပြီး လင်းထိန် တောက်ပနေပါတယ်။ ကျွန်မရဲ့ ကိုယ်ပေါ်မှာလဲ ဖြူစင်တောက်ပတဲ့ ဝတ်စုံကို ဝတ်ဆင်ပြီးသားဖြစ်သွားပြီး ရှေ့ကို တစ်လှမ်းချင်း လှမ်းတက်ခဲ့ပါတယ်။ တကယ်တော့ ခရစ်တော်သာ ကျွန်မဘဝရဲ့ ကယ်လွှတ်ရာ တံခါးဝလေးဘဲ မဟုတ်ပါလား။ (၁ကော ၁၆း၉၊ ယော ၁၀း၉) အမှောင်ထဲက လွတ်မြောက်ခဲ့တဲ့ ကျွန်မဟာ အလင်းရဲ့သား ကဲ့သို့ အသက်ရှင်နေထိုင်ရန် အလင်းရဲ့ တံခါးရှင်က ကျွန်မကို ထွက်ပေါက်တံခါးဖွင့်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ( ဟာလေလုယာ)

**အိပ်မက် ၃)** ရောင်စုံပန်းတွေ ဝေဆာနေတဲ့ ပန်းခြံကြီးထဲမှာ ချစ်စရာ ကောင်းပြီး နေချင်စဘွယ် လှပနေတဲ့ အိမ်လေးတစ်လုံးဟာ ကျွန်မ နေထိုင်ဖို့ အတွက်ဘဲ ဖြစ်ပါတယ်။ သို့သော် ထိုအိမ်ကလေးဆီကို အရောက်သွားရမဲ့ လမ်းမှာ ချောင်းလိုလို၊ မြစ်လိုလို တစ်ခုခု ကာဆီးနေပါတယ်။ ကျွန်မရဲ့ရှေ့မှာ အမျိုးသား

တစ်ဦးနဲ့ အမျိုးသမီးတစ်ဦးဟာ ထိုအိမ်လေးဆီကို သွားဖို့ ကြိုးစားနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ရေစီးသန်ပြီး ပုတ်ခတ်နေတဲ့ လှိုင်းတံပိုးတွေကြောင့် လှေမှာ ရှေ့ကို မရောက်ဘဲ နောက်ကိုပြန်ဆုတ်နေတာ တွေ့ရပါတယ်။ ကျွန်မ သွားရမဲ့ အိမ်ကို အတိအကျ သိနေတဲ့အတွက် ဘယ်လိုနည်းနဲ့ သွားရမယ် ဆိုတာကို လက်ကလေးနှစ်ဘက်က ရှင်းပြနေပါတယ်။ လက်ျာ လက်မှာ ကြီးမားသော လက်ဖြစ်ပြီး လက်ဝဲလက်မှာ သေးငယ်လှပါတယ်။ ကျွန်မ စိတ်ထဲမှာ သေးငယ်သော လက်ဟာ စာတန်ရဲ့လက် ဖြစ်ပြီး အနှုတ် လက္ခဏာ သဘောကို ပုံဆောင်နေပါတယ်။ ကြီးမားတဲ့ လက်ကတော့ အပေါင်းလက္ခဏာ၊ ဘုရားသခင်ရဲ့ လက် ဖြစ်ပါတယ်။ ထိုလက်နှစ်ဘက်ဟာ အိမ်ကလေးဆီ ကျွန်မ သွားနိုင်ဖို့ လှေတစ်စင်း ပြုလုပ်ပေးနေတာဖြစ်ပါတယ်။ သေးငယ်သော လက်က လှေပေါ်မှာ တပ်ဆင်နေတဲ့ ကိရိယာတွေကို အနှောက်အယှက်ပေးတဲ့ အနေနဲ့ နှုတ်ယူနေပြီး ကြီးမားတဲ့ လက်ကတော့ လှေရဲ့ တန်ဆာပလာတွေကို တပ်ဆင် နေပါတယ်။ ကြီးမားတဲ့ လက်က ကျွန်မ အိမ်ဆီ အရောက်သွားနိုင်အောင် လှေ ကလေးကို ပြီးစီးအောင် ဆောင်ရွက်နေပါတယ်။

တကယ်တော့ ဘုရားသခင်ရဲ့ သစ္စာလက်တော်နှင့် ထောက်ပင့်ခြင်း ကို ခံရခြင်း မဟုတ်ပါလား။ ဟေရှာယ ၄၁း၁၀။ ပိုင်ဆိုင်မှုတစ်ခုမှ မရှိတဲ့ ကမ္ဘာ လောကကြီးထဲမှာ လုံးလည်ချာလည် လိုက်နေရပေမဲ့လည်း တိကျပြီး သေချာ လွှန်းတာကတော့ လူ့လက်နဲ့ ပြုလုပ်တဲ့ အိမ် မဟုတ်တဲ့ အိမ်လေးတစ်လုံးကို ကျွန်မ ပိုင်ဆိုင်ထားပြီးသားဖြစ်ပါတယ်။ (ဟာလေလုယာ)

ထိုအိမ်လေးဟာ ယခု ဘဝအတွက် စရန် သက်သက်သာဖြစ်ပြီး နောင်ဘဝအတွက် ပိုင်ဆိုင်ရန် သေချာတဲ့ ကျွန်မရဲ့ ကိုယ်ပိုင်အိမ်လေးဘဲ ဖြစ်ပါတယ်။ ၂ကော ၅း၁၊

စာဖတ်သူများရှင်။ များပြားတဲ့ အိပ်မက်တွေထဲက ထူးခြားတဲ့ အိပ်မက် လေးတွေကို ကျွန်မနည်းတူ မက်ဖူးကြပါသလားရှင်၊ တိုက်ဆိုင်မှု ရှိမယ်ဆိုရင် ထပ်ပြီးတော့ ကျေးဇူးတော်ချီးမွမ်းလိုက်ပါ။ ယခုဘဝ နောင်ဘဝမှာ အာမခံနဲ့ ချစ်တဲ့ သုံးပါးတစ်ဆူတည်းသော ဘုရားသခင်က ကျွန်မ ကြုံတွေ့ရတဲ့ အမှုများကို ကရုစိုက်သိမြင်ပြီး အိပ်မက်ထဲမှာလဲ ချစ်ကြောင်း၊ ကယ်တင် ကြောင်း သက်သေပြခဲ့ပါတယ်။ ထိုချစ်ခြင်းမေတ္တာ အရိပ်အောက်မှာ ကျွန်မ လုံခြုံစွာ အသက်ရှင်နေရဆဲဖြစ်ကြောင်း လက်တွေ့ ဘဝမှာလဲ ခံစားရ ကြောင်း စာဖတ်သူများအား ရေးသား ဖော်ပြလိုက်ပါတယ်။

ခရစ်တော်၏ မေတ္တာ၌– **ဆူးရင့်ခိုမ်း (ခေတ္တ ကမ္ဘာမြေ)**

---

## ခရစ္စမတ်မှာပျော်တတ်ပြီ (NKKH)

ကျွန်မဟာ ခရစ္စမတ်မှာ တစ်ခါမှ မပျော်ခဲ့ဖူးပါဘူး။ ခရစ္စမတ်မှာ ပျော်သလားလို့မေးရင် လူတိုင်းလိုလို ပျော်တယ်လို့ ပြန်ဖြေကြပါလိမ့်မယ်။ သူများတွေ ပျော်သလို ကျွန်မလဲ ခရစ္စမတ်မှာ ပျော်ချင်ခဲ့ပါတယ်။ ခရစ္စမတ် ရောက်တိုင်း ကျွန်မ ကြိုးစားပြီး ပျော်ကြည့်တယ်၊ ဒါပေမဲ့ မပျော်ခဲ့ပါဘူး။ ခရစ္စမတ် ရောက်လို့ ဘုရားကျောင်း ရောက်သွားတဲ့အခါ ဆရာတွေဟောတဲ့ တရားက ကောင်းပေမဲ့လဲ ကျွန်မနှလုံးသားက ပြောင်းလဲ ပြီး မပျော်ရွှင်ခဲ့ပါဘူး။ ခရစ္စမတ်မှာ မပျော်တတ်တဲ့ ကျွန်မကို အဓိကနဲ့ သာမည ခွဲခြားတတ်အောင် ဘုရားသခင် ကျွန်မကို ဆုံးမ လိုက်တာက ၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှာ ဖြစ်ပါတယ်။ ကျွန်မ စင်ကာပူကို ၂၀၀၆ နိုဝင်ဘာလမှာ ရောက်လာပါတယ်။ ကျွန်မဟာ အဖိုးကြီး တစ်ယောက်ကို ပြုစုစောင့်ရှောက်ဖို့ ရောက်လာတာ ဖြစ်ပါတယ်။ အဖိုးဟာ အသက် အိုလွန်းတဲ့အတွက် သူငယ် ပြန်ပြီး ခနခန မေ့တတ် ပါတယ်။ အခုချက်ခြင်း စိတ်သဘောထား ကောင်းနေတတ်ပြီး ကောက်ကာ ငင်ကာ စိတ်တိုရင်လဲ တိုတတ်ပါတယ်။ တစ်ပါတ်မှာ



သုံးလေးရက် လောက် အပြင် မှာ ထမင်း ထွက်စားတတ်ပါတယ်။ ကျွန်မက သူ့ကို ပြုစုရတဲ့ သူဆိုတော့ သူအပြင် ထမင်းထွက်စားတိုင်း ကျွန်မပါ လိုက်ထွက်စားရပါတယ်။

တစ်နေ့၊ အဲဒီနေ့က ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့ဖြစ်ပါတယ်။ အဖိုးက အပြင်မှာ ထမင်းထွက်စားမယ်ဆိုလို့ ကျွန်မတို့ နှစ်ယောက် ထွက်လာ ခဲ့ကြပါတယ်။ ထမင်းစားတဲ့ နေရာရောက်တော့ အဖိုးက အိမ်သာ ခနသွားမယ် ဆိုပြီး အိမ်သာထဲ ဝင်သွားပါတယ်။ ကျွန်မ အိမ်သာ အဝမှာ ရပ်စောင့်နေပါ တယ်။ နာရီဝက်မက ကြာသွားတယ်၊ အဖိုး ပြန်ထွက်မလာပါဘူး။ သူ့ကို မမြင်ရမှာ စိုးလို့ ကျွန်မ အိမ်သာခန်း အပေါက် တည့်တည့်မှာ ရပ်စောင့် နေပေမဲ့ သူပြန်ထွက်လာတာ လုံးဝမတွေ့ရဘဲ၊ တစ်နာရီကျော်ကြာသွားတဲ့အခါ ကျွန်မ စိုးရိမ်လာပါတယ်။ အိမ်သာထဲမှာ မူးလဲနေတာလား။ ဆိုပြီး စိုးရိမ်စိတ် တွေ ဝင်လာပါတယ်။ ကျွန်မကလဲ မိန်းကလေးဆိုတော့ ယောကျ်ား အိမ်သာထဲ လိုက်ဝင်လို့ မရဘူးလေ။ အနီးအနား ပတ်ဝန်းကျင် အနှံ့ရှာသော်လဲ မတွေ့ ရပါဘူး။ အဖိုးကို ပြန်ရှာတွေ့ဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းရတာလဲ အကြိမ်ကြိမ် ပါဘဲ။ ဒါပေမဲ့ ကျွန်မ ဆုတောင်း မပြည့်ခဲ့ပါဘူး။ နောက်ဆုံး ယောကျ်ား အိမ်သာထဲထိ ဝင်ရှာတော့ အဖိုးကို မတွေ့ရတော့ပါဘူး။ ဘုရားသခင်ကို ကျွန်မ မေးခွန်းတွေမေးခဲ့ပါတယ်။ ကြောက်တတ်တဲ့ ကျွန်မကို ဘာဖြစ်လို့ ဒီလို အဆင်မပြေခြင်းတွေ ပေးတွေ့ရတာလဲ။ စင်ကာပူကို ရောက် တာ တစ်လဘဲ ရှိပါသေးတယ်။ အလုပ် စလုပ်လုပ်ခြင်း အဆင်မပြေတာနဲ့ ကြုံရတယ်။ အလုပ်ရှင်က ကျွန်မကို အလုပ်တောင် ထုတ်ပစ်လို့ရပါတယ်။ နဂိုကတည်းက ခရစ္စမတ်ကို ကြောက်တတ်တဲ့ ကျွန်မကို ဘုရားသခင်က ဘာဖြစ်လို့ ဒီလို ဒုက္ခ ပေးတွေ့စေတာလဲလို့ မေးခွန်းတွေ မေးမိပါတယ်။

အဲဒီ အချိန်မှာ အိတ်ထဲထည့်ထားတဲ့ ကျွန်မရဲ့ လက်ကိုင်ဖုန်း အသံမြည်လာပါတယ်။ အိမ်ရှင် သူဌေးက လှမ်းခေါ်တာဖြစ်ပါတယ်။ ကျွန်မကို “နင် ဘယ်မှာလဲ ငါ့အဖေက အိမ်ပြန်ရောက်နေပြီ အဖေ့ကို ထိန်းတဲ့ နင်က ဘယ်မှာရောက်နေတာလဲ”လို့ လှမ်းဆူပါတယ်။ ကျွန်မလဲ ဘယ်ရောက်လို့ ရောက်နေမှန်း မသိတဲ့အတွက် “ငါ ဘယ်နေရာမှာ ရှိနေမှန်း မသိဘူး၊ နင့် အဖေနဲ့ အတူတူ လာတာ၊ နင့်အဖေက ငါ့ကို ထားခဲ့ပြီး ထွက်သွားတော့ ငါ အခု ဘယ်မှာ ရှိမှန်း မသိဘူး” လို့ ပြန်ဖြေလိုက်ပါတယ်။ သူဌေးက ကားငှားပြီး အိမ်ပြန်လာခဲ့ဖို့ ပြောပါတယ်။ ကျွန်မ စိတ်ထဲမှာတော့ စိုးရိမ် ကြောက်လန့်မှု တွေက အထွတ်အထိပ်ကို ရောက်နေပါပြီ။ စိတ်ထဲမှာ တွေးနေတာကတော့ ဒီညတော့ ငါအလုပ်ပြုတ်ပြီး၊ ပွဲစား အိမ်မှာ သွားအိပ်ရမှာ သေချာတယ် ဆိုတာ ပါဘဲ။ အိမ်ပြန်ရောက်တဲ့အခါ အဖိုးက သူ့သမီး (ကျွန်မရဲ့ အလုပ်ရှင်၊ သူဌေး) ကို ကျွန်မကို သူမလိုချင်ကြောင်း၊ မကြိုက်တဲ့အကြောင်း၊ လူစား လဲပေးဖို့ ပြောပါတယ်။ သူ့သမီး (သူဌေး) က ဘာဖြစ်တာလဲလို့ ကျွန်မကို မေးပါတယ်။ ကျွန်မ လဲ အကြောင်းစုံ ရှင်းပြလိုက်တော့ သူဌေးမ က လက်ခံသွားပြီး ကျွန်မကို အရေး မယူဘဲ သူ့အဖေကို ဖျောင်းဖျနေပါတယ်။

ဘုရားသခင်ဆီမှာ အဖိုးကို ပြန်တွေ့ဖို့ ဆုတောင်းတာ ဘုရားသခင် က ပေးမတွေ့တာ အကြောင်းရှိရမယ်လို့ ကျွန်မ စဉ်းစားနေတုံး ဘာကို သွား စဉ်းစားမိသလဲဆိုတော့ ကျွန်မတို့ ရုပ်ရှင်တွေ ဗီဒီယိုတွေ ကြည့်တဲ့အခါ မင်းသားနဲ့ မင်းသမီးကို လူဆိုးတွေ ဖမ်းသွားလို့ ဒုက္ခရောက်နေချိန်မှာ တစ် ယောက် ယောက်(ရဲသား)က လာကယ်ရင် ပရိတ်သတ်ဖြစ်တဲ့ ကျွန်မတို့ တစ်တွေက လာကယ်တဲ့သူ (ရဲသား) တွေကို ဝမ်းသာအားရ လက်ခုပ် လက်ဝါး တီးပြီး အားပေးကြိုဆို တတ်ကြပါတယ်။ ဇာတ်လမ်းထဲက ကယ်တင်ရှင်ကို ဒီလောက် အားရပါးရ ကြိုဆိုနေရင် တကယ့်တကယ် အပြစ်သားတွေကို လာကယ်တဲ့ ကယ်တင်ရှင် ယေရှု ခရစ်တော်က ခရစ္စမတ်မှာ မွေးဖွား ကြွဆင်း လာတာကို ကျွန်မက ဘာဖြစ်လို့ ဝမ်းသာအားရ မကြိုဆိုနိုင်ရတာလဲ။ ကျွန်မ ဘာ့ကြောင့် မပျော်နိုင်ရတာလဲ ဆိုတာကို ပြန်လည် သုံးသပ်ကြည့်လိုက်တဲ့အခါ ကျွန်မရဲ့ အတ္တနဲ့ တပ်မက်မှုဟာ ကိုယ်တော့်မွေးနေ့မှာ ပျော်ရွှင်ဖို့ ခံစားတတ်တဲ့ နှလုံးသားနဲ့ ဆင်ခြင်နိုင်တဲ့ ဦးနှောက်ကို ဖုံးလွှမ်းထားခဲ့ခြင်းကြောင့် ဖြစ်တယ်ဆိုတာ သိလာရပါတယ်။

ခရစ်တော် လောကကို ကြွလာတာဟာ လောက လူသားတွေ ခန တဖြုတ် ပျော်ရွှင်နိုင်ဖို့အတွက် မဟုတ်ပါ။ ထာဝရ ပျော်ရွှင်နိုင်ဖို့အတွက် လာ ရောက်ပြီး အသက်ပေး သွားတယ်ဆိုတာ ခွဲခွဲခြားခြား သိမြင်တတ်ဖို့လိုအပ် ပါတယ်။ ဒါဟာ ပုံပြင်တစ်ပုဒ် မဟုတ်ပါဘူး။ သိပ္ပံပညာရှင်များရဲ့ လေ့လာ တွေ့ရှိချက်အရ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်က ကောင်းကင်မှာ ဂြိုလ်ကြီး သုံးလုံး ပူးပေါင်းခဲ့တယ်။ ပူးပေါင်းသွားတဲ့ ဂြိုလ်သုံးလုံးကို ကမ္ဘာမြေပြင်ပေါ်က ကြည့်တဲ့အခါ အင်မတန် စူးရှတဲ့ အလင်းရောင်နဲ့ ကြယ်ပုံသဏ္ဍာန် အဖြစ် တွေ့ရပါတယ်။

ကမ္ဘာဦး ကတည်းက ဘုရားစကား နားမထောင်တဲ့ လူသားတွေဟာ အပြစ်သား ဖြစ်တဲ့ အတွက် ငရဲမှာ အပြစ်ဒဏ် ခံရမှာဖြစ်ပါတယ်။ ဒီအပြစ်ရဲ့ ဒဏ် မခံရစေဖို့ ကယ်တင်ရှင်က လောကကို ကြွလာခဲ့ပါတယ်။ ဒါပေမဲ့ တစ်ချို့ ခရစ်ယာန်တွေဟာ ခရစ္စမတ်ကို အလွဲသုံးစား လုပ်ပြီး ပျော်နေကြပါတယ်။ အဲဒီလို ပျော်ရွှင်မှုဟာ အတုဘဲ ဖြစ်ပါတယ်။ စစ်မှန်တဲ့ ပျော်ရွှင်မှု ရမှသာ ထာဝ ပျော်ရွှင်နိုင်မှာ ဖြစ်ပါတယ်။

ဗျာဒိတ် ၃း၂၀ မှာ **နောင်တရလော့၊ ငါသည် တံခါးရှေ့မှာ ရပ်၍ ခေါက် လျက်နေ၏ အကြင် သူသည် ငါ၏ အသံကို ကြား၍ တံခါးကိုဖွင့်ခဲ့၊ ထိုသူရှိရာသို့**

**ငါ၀င်၍ သူနှင့်အတူ စားသောက်မည်၊ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။** လို့ ဆိုထားပါတယ်။

စစ်မှန်တဲ့ ခရစ္စမတ်ရဲ့ အဓိပ္ပါယ်ကို သိသူသာ ခရစ္စမတ်ကို မျှော်နေနိုင်မှာ ဖြစ်သလို ခရစ္စမတ် ရောက်ရင်လဲ ပျော်နိုင်မှာဖြစ်ပါတယ်။ အဓိက နဲ့ သာမညကို ပိုင်းခြားသိတတ်ပြီး မိမိရဲ့ ကိုယ်ခန္ဓာကို အလှပဆုံး၊ အသန့်ရှင်းဆုံး ဖြစ်အောင် ပြုပြင်ထိန်းသိမ်းပြီး ကယ်တင်ရှင်ရဲ့ မွေးနေ့တော်ကို ပျော်ရွှင်စွာနဲ့ ကြိုဆိုနိုင်ပါစေလို့ ဆန္ဒပြုလျှက် …။ **ဟေဗြဲ ၉း၂၈ ၊ ခရစ်တော်သည် လူများ အပြစ်တို့ကို ခံခြင်းငှာ တခါတည်း ကိုယ်ကို ပူဇော်ပြီးမှ နောက်တစ်ဖန် ထိုသခင်ကို မျှော်လင့် လျှက်နေသော သူတို့ကို ကယ်တင်ခြင်းအလို့ငှာ အပြစ်နှင့် မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတ္တံ့။** **NKKH** ( ရွှေပြည်သာ )

---

## ကျွန်တော်နှင့်မျက်ရည် –၂ (မင်းအောင်သက်လွင်)

**အခန်း(၁)** "အား…" ခြံထဲက စူးစူး၀ါး၀ါး အော်သံကြောင့် အိမ်ထဲကနေ ကျွန်တော် ပြေးထွက်လာခဲ့ပါတယ်။ သွေးစွန်းတဲ့ ဓါးကို ကိုင်ထားတဲ့ အမေ့ကို တွေ့လိုက်ရတာမို့ ကျွန်တော် အမေ့နား ရောက်အောင်ပြေးသွားပြီး မေးလိုက် ပါတယ်။ "ဘာဖြစ်တာလဲ အမေ" "လက် ဓါးထိသွားလို့" အမေ့ ဘယ်ဘက် လက်ခုံပေါ်မှာ နှစ်လက်မ လောက်ရှိတဲ့ ဓါးဒဏ်ရာကြီးကို တွေ့လိုက်ရပါတယ်။ သွေးတွေထွက်နေတာမို့ အိမ်ထဲပြန်၀င် ဂွမ်းနဲ့ အရက်ပြန် ယူပြီး ဒဏ်ရာကို ဆေးထည့် ပတ်တီး စည်းပေးလိုက်ပါတယ်။ "အဲဒါကြောင့် အမေ့ကိုပြောတာ နားနား နေနေ နေပါဆို မနေ ဘူး" ကျွန်တော်က အမေ့ကို ဆူတယ်ဆိုရုံဘဲ ရှိသေးတယ်။ အမေကပြန်ပြီး "ဟဲ့ ငါက လေဖြတ်တဲ့သူလို ငုတ်တုတ် ထိုင်နေ ရမှာလား၊ ငါလုပ်ချင် တာလေးတွေလဲ လုပ်နိုင်တုံး လုပ်အုံးမှာပေ့ါ" ဆိုပြီး ပြန်ဆူပါတယ်။ ခြံထဲမှာရှိတဲ့ ငှက်ပျောပင် အပင်မြင့်ပေါ်က နွမ်းနေတဲ့ ငှက်ပျောရွက်ကို ဘယ်လက်နဲ့ လှမ်းဆွဲပြီး ညာဘက်လက်က ဓါးနဲ့ အခုတ်မှာ ဟန်ချက်ပျက်ပြီး ငှက်ပျောရွက်ကို မထိဘဲ ဓါးက ဘယ်ဘက်လက်ခုံပေါ် မတော် တဆ ခုတ်မိသွားတာဖြစ်ပါတယ်။



သွေးထွက်နေတဲ့ အမေ့လက်က ဓါးဒဏ်ရာကို ထည့်ရမဲ့ သွေးတိတ်ဆေး ၀ယ်ဖို့ အမေ့ဆီက ပိုက်ဆံ တောင်းလိုက်ပါတယ်။ အမေက "အေး အေး ဟိုဆေးရုံရှေ့က ဆေးဆိုင်မှာသွား၀ယ်၊ အဲဒီဆိုင်က ဆေးစုံတယ်၊ ဈေးမှန်တယ်၊ ပြီးတော့ သူက ခရစ်ယာန်ဆိုင်ဟဲ့၊ ရော့ ပိုက်ဆံ" အမေ့ စကားကို တုန့်ပြန်တဲ့အနေနဲ့ ခေါင်းညိတ်ပြလိုက်ပြီး လက်စွဲတော် စက်ဘီး အစုတ်လေးကို နင်းပြီးထွက်လာခဲ့ပါတယ်။

**အခန်း(၂)** ကားလမ်းနံဘေး ကုက္ကိုပင်ကြီးအောက်က ဆေးဆိုင်လေးနားကို ရောက်တော့ စက်ဘီးပေါ်က ဆင်းပြီး စက်ဘီးကို တိုင်နဲ့ မှီနေတုံးမှာဘဲ ဆေးရုံ ၀င်းထဲက အဖိုးအိုတစ်ယောက် ဆေးဆိုင်ဆီကို အပြေးတစ်ပိုင်း လျှောက်လာတာ ကိုတွေ့ရပါတယ်။ တစ်ခေါင်းလုံး ဖြူဖွေးပြီး ပါးရည် နားရည် တွန့်ကာ ခါးကုန်းနေတဲ့ အဖိုးအိုဟာ စွပ်ကျယ်လက်တို အဖြူနဲ့ လူ့ရွှင်တော်တွေ ၀တ်လေ့၀တ်ထရှိတဲ့ ပုဆိုးအကွက်ကြီးကို ၀တ်ထားပါတယ်။ လက်တစ်ဘက်က တောင်ဝှေးကိုကိုင်ပြီး နောက် လက်တစ်ဘက်ကလဲ ပိုက်ဆံ ကို ကျစ်ကျစ်ပါအောင် ဆုတ်ထားတာ တွေ့ရပါတယ်။

အဖိုးအိုဟာ ခြေလက် သိပ်မသန်တဲ့အတွက် ခါး၀တ် ပုဆိုး ကျွတ်ကျမှာ စိုးတာကြောင့် လက်သန်းလုံးလောက်ရှိတဲ့ အုန်းဆံကြိုးကို ခါးမှာ ခါးပတ်လို ပတ်ချည်ထားပါတယ်။ သူ့ခြေထောက်နဲ့ လက်တွေဟာ အကြောပျော့ ပိုလီယို ရောဂါသည်လိုမျိုး တွန့်ကွေးနေပြီး အားသန်ပုံ မရရှာပါဘူး။ ဆေးရုံ ၀င်းဂိတ်ပေါက် ကုန်းဆင်းအတိုင်း ဆေးဆိုင် ဆီကို လိမ်ဖယ်လိမ်ဖယ် ကွတကွတ နဲ့ ပြေးဆင်းလာတာဟာဖြင့် အသည်းယားစရာ လိမ့်မကျ ချော်မလဲရုံ တမယ်ပါဘဲ။

အဖိုးအိုဟာ ဆေးဆိုင်က ကောင်လေးကို "သားရေ ဒီဆိုင်မှာ အကောင်းဆုံး အားဆေးရှိလား၊ အဖိုးကို ဆယ်လုံးလောက် ရောင်းပါ"လို့ တုန်တုန်ရီရီ မောဟိုက်သံနဲ့ ပြောလိုက်ပါတယ်။ ကောင်လေးက ဆေး ဆယ်လုံးကို ပလပ်စတစ်အိတ်လေးနဲ့ ထုတ်ပေးပြီး "တစ်လုံး လေးဆယ် ပါ၊ စုစုပေါင်း လေးရာ ကျပါတယ် အဖိုး"လို့ပြောလိုက်ပါတယ်။ အဖိုးအိုက ဆုတ်ထားတဲ့ လက်ကိုဖြန့်ပြီး ပါလာတဲ့ ငွေကို ရေတွက်နေပါတယ်။ " ဟို– အဖိုး ဆီမှာ တစ်ရာဘဲပါတယ် သားရယ်၊ အဖိုး အသုံးလိုနေလို့ ဆေးသုံးလုံး ကို တစ်ရာနဲ့ ထားလိုက်ပါနော်" တဲ့၊ ကောင်လေးက ခေါင်းတစ်ချက် ကုတ်ပြီး၊ "အားနာလိုက်တာဗျာ၊ မကိုက် လို့ပါ အဖိုးရယ်" လို့ပြောပြီး အားဆေး နှစ်လုံးဘဲ ထည့်ပေးလိုက်ပါတယ်။

" အဖိုးကို ဆေး ဆယ်လုံးပေးလိုက်ပါ" လို့ ကျွန်တော်က ကြားဖြတ်ပြီး ၀င်ပြောလိုက်ပါတယ်။ အဖိုးက "နေပါစေ အဖိုးမှာ ငွေတစ်ရာ ဘဲ ပါပါတယ်" " အဖိုး ပေးစရာမလိုပါဘူး၊ ကျွန်တော်ဘဲ ပေးလိုက်ပါ့မယ်" လို့ပြော ပြီး ပုဆိုး ခါးပုံစထဲက ပိုက်ဆံအိတ်ကို ထုတ်လိုက်တော့ အိတ်ထဲမှာ ငွေငါးရာ လောက်ရှိနေတာမို့ အဖိုး အတွက် ဆေးဖိုး လေးရာပေးပြီးတဲ့အခါ ကျန်တဲ့ ငွေတစ်ရာနဲ့ အမေ့အတွက် သွေးတိတ်ဆေး ၀ယ်ဖို့ ငွေမလောက်တော့တာမို့ ဂွမ်း တစ်ထုတ်ဘဲ ၀ယ်လိုက်ပါတယ်။ သွေးတိတ်ဆေးကိုတော့ နောက်မှဘဲ …။

**အခန်း(၃)** "ကျေးဇူးဘဲ သားရေ၊ ကျေးဇူးဘဲ၊ ဘုန်းကြီးပါစေ၊ သက် ရှည်ပါစေ" အဖိုးက နောက်တလှည့်လှည့်၊ လက်တပြပြနဲ့ ကျေးဇူးစကားကို တဖွဖွ ပြောပြီး ဆေးရုံထဲကို ခုန်ဆွ ခုန်ဆွ၊ ကွတ ကွတနဲ့ ပြေး၀င်သွားပါတယ်။ ကျွန်တော်လည်း စက်ဘီးယူပြီး အိမ်ပြန်မယ်အလုပ်မှာ ခေါင်းထဲ အကြံတစ်ခု ရလာတာမို့ ဆိုင်ဘက်ပြန်လှည့်လာခဲ့ပြီး ဆေးရောင်းတဲ့ ကောင်လေးကို "ညီလေး၊ အခုနက အဖိုးကြီး ၀ယ်သွားတဲ့ အားဆေး အလုံး ငါးဆယ်၊ အလုံး တစ်ရာလောက် ပေးပါ"လို့ ပြောလိုက်ပါတယ်။ ကောင်လေးက ပလပ်စတစ် အိတ်နဲ့ ထုတ်ပြီး ဆေးတွေကို လှမ်း အပေးမှာ ကျွန်တော် လှမ်းယူလိုက်ပြီး၊ "ပိုက်ဆံကိုတော့ နောက် တစ်နာရီအတွင်းမှာ အစ်ကို လာပေးပါ့ မယ်" လို့ပြောလိုက်ပါတယ်။ ကောင်လေးက လက်ကို ချက်ချင်းပြန်ရုတ်လိုက်ပြီး "ဟာ အဲဒီလိုတော့ လုပ်လို့ မရဘူး၊ ကျွန်တော်တို့ ဆိုင်က အကြွေး မရောင်း ဘူးဗျ" "အာ–အစ်ကို အရမ်းအရေးကြီးနေလို့ပါ၊ ဒီလိုဆိုရင် ဒီစက်ဘီး ပေါင် ထားခဲ့မယ်လေ၊ နောက် တစ်နာရီအတွင်း ပြန်လာရွေးမယ်။ လောလောဆယ် ဆေးသာ အရင်ပေးပါ" လို့ ကျွန်တော် ပြောလိုက်တော့ ကောင်လေးက " ကျွန် တော်က ဆိုင်ရှင် မဟုတ်ဘူးဗျ၊ ဆိုင်ရှင်ကို မေးကြည့်မှရမယ်" လို့ ပြောလိုက်တုံးမှာ ဆိုင်အတွင်း ခန်းထဲက ၀၀ဖိုင့်ဖိုင့် ၀တ်ကောင်း စားလှနဲ့ သက်ကြီးပိုင်း လူကြီး တစ်ယောက် ထွက်လာပြီး " ဘာဖြစ်နေကြတာ လဲကွ ဟေ" လို့ လှမ်းမေးပါ တယ်။ "ဒီလူက အားဆေး နှစ်ထောင်ဖိုးကို စက်ဘီး အပေါင်ထားပြီး လာ၀ယ်နေလို့ ဦးလေး" ကောင်လေးက ပြောတော့ ဆိုင်ရှင် ဦးလေးကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး။ " မင်း ဒီလို လုပ်စား နေတာ ဘယ်နှစ်နေရာ ရှိသွားပြီလဲ။ ဘာဆေးမှ မပေးနိုင်ဘူး" လို့ အော်ကြီးဟစ်ကျယ် လှမ်းပြောပါတယ်။

ကျွန်တော် ရှက်သွားလို့ ခေါင်းငုံ့ပြီး ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်မိပါတယ်။ ကျွန်တော့် ကိုယ်ပေါ်မှာက ခေါင်းပြုတ်လို့ တွယ်ချိတ်နဲ့ ခေါင်းကို တွယ်ထားတဲ့ မိုးတွင်းစီး ရော်ဘာဖိနပ် ဖင်တစ်ပိုင်းပြတ်၊ အရောင်မွဲ၊ အနားပြဲပြီး အကွက် မပေါ်တော့တဲ့ ချည်ပုဆိုး၊ နဂိုဖြူ ဖြစ်ပေမဲ့ ဆပ်ပြာမပါဘဲ လျှော်ပါများလို့ ၀ါကျင့်ကျင့် အရောင်ပြောင်းပြီး ဖားဥ စွဲနေတဲ့ စွတ်ကျယ် လက်ပြတ် ကို ၀တ်ထားပြီး စက်ဘီးကလဲ တာရာ ကတုံး၊ ငွေမှာ သံချေး အထပ်ထပ် နဲ့ စုတ်ပြတ်နေတဲ့ တရုတ်ပြည်ဖြစ် စက်ဘီး အစုတ်လေးကို စီးထားတာမို့ ဘယ်သူမှ အထင်ကြီးစရာ ရုပ်သွင်ဖြစ် မနေခဲ့ပါဘူး။ ပိုဆိုးတာက ကျွန်တော့်ကို လူလိမ် တစ်ယောက်လို့ ထင်သွားကြတာပါ။

ကျွန်တော့်စိတ်ထဲမှာ အကြံရလိုက်တာက အဖိုးကြီးကို သနားသွားပြီး သူလိုတဲ့ဆေးတွေကို ထပ်ပေးချင်၊ ထပ်လှူချင်တဲ့စိတ် ပေါ်လာလို့ ဆေးဆိုင်က ဆေးကို ငွေချေးပြီး ၀ယ်မလို့ စိတ်ကူးရလာလို့ပါ။ ကျွန်တော့်ဆီ မှာ လောလောဆယ် ပေးစရာ ပိုက်ဆံက ကိုယ်ပိုင်တာတော့ မရှိပါဘူး။ ဒါပေမဲ့ အသင်းတော် မဂ္ဂဇင်းထုတ်ဖို့ ရံပုံငွေလေးတော့ရှိပါတယ်။ ဆေးဆိုင်က ဆေးကို ခန ချေး၀ယ်ပြီး ရံပုံငွေထဲက ခန စိုက်ထည့်ထားလိုက်မယ် နောက်မှ ပြန်ဆပ်ပေးမယ်ဆိုတဲ့ စိတ်ကူးက ခေါင်းထဲ ဖြတ်ကနဲ ၀င်လာလို့ အခုလို လုပ်လိုက်တာပါ။ ဒါပေမဲ့ သူတို့က ကျွန်တော့်ကို မသိတော့ လူလိမ်လို့ ထင်နေကြတာပေ့ါ။ ဘာတတ်နိုင်မှာလဲ။ ဘာဆက်လုပ်ရမလဲလို့ စဉ်းစား နေတုံးမှာ …

"ဟေ့ကောင် 'သက်ကြီး' ဘာလုပ်နေတာလဲကွ" ဆိုတဲ့ တရင်းတနှီး နှုတ်ဆက်သံနဲ့ ပုခုံးကို အားရပါးရ လှမ်းပုတ်တာ ခံလိုက်ရတာမို့ လှည့်ကြည့်လိုက်တဲ့အခါ၊ ကျွန်တော့် သူငယ်ချင်း သဘော်သား 'မိုးကြီး' ကို တွေ့လိုက် ရပါတယ်။ "ဟာ–ဟေ့ကောင် 'မိုးကြီး' မင်းဘယ်တုံးက ပြန်ရောက်လာတာလဲ ကွ၊ ဟိုကောင် 'စိုးကြီး' ရော ပြန်မလာသေးဘူးလား" ကျွန်တော်တို့ ကျောင်း နေဖက် သူငယ်ချင်းတွေက နာမည်နောက်မှာ 'ကြီး'ထည့်ခေါ် လေ့ရှိပါတယ်။ မိုးကြီး နဲ့ စိုးကြီးက သဘော်သားတွေဆိုတော့ မြန်မာပြည်နဲ့


Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076 , "E-mail; min_atl @ yahoo.com.sg " (( Phone (65) 81222320 ))

နိုင်ငံခြားကို အိမ်ဦးနဲ့ ကြမ်းပြင်လို ဝင်လိုက်ထွက်လိုက်ပါဘဲ။ "ငါ မနေ့ကမှ စင်ကာပူက ပြန်ရောက်တာ၊ စိုးကြီး ကတော့ သူ့ အမျိုး မင်္ဂလာဆောင်ရှိလို့ စင်ကာပူမှာ ကျန်နေခဲ့တယ်။ နောက်တစ်ပါတ်မှ ပြန်လာမယ်" ကျွန်တော်တို့ နှစ်ယောက် စကားပြောနေတုံးမှာ ဆေးဆိုင်ပိုင်ရှင်က "ဟာ ကိုမိုးကြီး ခင်ဗျား သူ့ကို သိလား"လို့ ကျွန်တော့်ကို လက်ညှိုးထိုးပြီး မေးပါတယ်။ "ဟာ ဒါ ကျွန်တော့် ကျောင်းနေဖက် သူငယ်ချင်း၊ လုပ်သားကောလိပ်မှာတုံးက 'အီကို' နဲ့ကျောင်းအတူတူ တက်လာတာဗျ။ ကျွန်တော်က စီးပွားရေးလိုင်း သဘော်သား၊ သူက ဘာသာရေး ယောင်ယောင်၊ စာပေသမားယောင်ယောင်၊ ယောင်ခြောက်ဆယ်။ ဟားဟားဟား" ဆိုပြီး ကျွန်တော့် ပုခုံးကို ပုတ်ပြီး အော်ရယ် လိုက်ပါတယ်။

ဆိုင်ရှင်က " ဟာ ဒါဆို စိတ်မရှိပါနဲ့ဗျာ၊ ရော့ရော့ ဆေးထုတ်" ဆိုပြီး လှမ်းပေးပါတယ်။ နောက်မှ ရောက်လာတဲ့ မိုးကြီး ဘာမှ နားမလည်။ ကျွန်တော် လဲ မိုးကြီးကို "ဟော့ကောင် ဒီမှာဘဲစောင့်နေ၊ ဆယ်မိနစ်နေရင် ငါပြန်လာခဲ့မယ်။ နောက်မှ ရှင်းပြမယ်၊ ဒီမှာ အရေးကြီး နေလို့"လို့ ပြောပြီး အဖိုးကြီး ထွက်သွားတဲ့နောက်ကို အပြေး လိုက်ထွက် ခဲ့ပါတယ်။ "ဒီကောင်က ခပ်ကြောင် ကြောင်ဗျ၊ ဘာသာရေးနဲ့ လူမှုရေး သိပ်လုပ်တယ်။ လျှုစရာ မရှိရင်တောင် သူဝတ်တဲ့ ပုဆိုး ချွတ်ပေါင်ပြီး လျှုတဲ့ ကောင်၊ စိတ်ရင်းတော့ ကောင်းပါတယ်" ဆိုပြီး မိုးကြီးက ဆေးဆိုင်ပိုင်ရှင်ကို ကျွန်တော့် အတင်းပြောပြီး ကျန်ခဲ့တာကို မ ကြားချင် ဟန်ဆောင်ပြီး ထွက် လာခဲ့ပါတယ်။

**အခန်း–၄)** "ခုနက အဖိုးကြီးတစ်ယောက် ဒီထဲဝင်သွားတာ တွေ့မိလိုက်သလား" လို့ လမ်းမှာတွေ့တဲ့ လူတစ်ယောက်ကို လှမ်းမေးလိုက်ပါတယ်။ "ဟာ ဒီနားမှာ ဖြတ်သွားဖြတ်လာ လုပ်နေတဲ့ အဖိုးကြီးတွေက အများကြီးဘဲ၊ ဘယ်သူ့ ကိုပြောတာလဲ" " ဟို ဆံပင် ဖြူဖြူ၊ ခြေလက် သိပ်မသန်လို့ ခါးမှာ အုန်းဆံကြိုး ခါးပါတ် ပတ်ထားတဲ့ အဖိုးကြီးကိုပြောတာ" "မသိဘူးဗျ" အဲဒီ အချိန်မှာ အနားမှာ မုန့်ရောင်းနေတဲ့ အမျိုးသမီးကြီးတစ်ဦးက " ဩော် ဦးဖိုးမင်း ကိုပြောတာလား။ ငယ်ငယ်ကတည်းက ပိုလီယို ဖြစ်နေလို့ လမ်းဆုံ





မှာ ရွှေသွေးနဲ့ သတင်းစာ ရောင်းစားတဲ့ အဖိုးကြီးလေ။ သူ့ မိန်းမက အဖွား မယ်ကျော့တဲ့ မျက်စိ သိပ်မမြင်ရဘူး။ အခု အသက်ကြီးတော့ လုံးဝ မျက်စိကွယ်သွားပြီး ရောဂါဖြစ်လို့ ဆေးရုံတင်ထားရတယ်။ ဘာရောဂါ လဲတော့ မသိဘူး၊ ဆရာဝန်တွေကလဲ ရောဂါနာမည်ကို ဘိုလိုချည်း ပြောတော့ ငါတို့လဲ မခေါ်တတ်ဘူးဟော့။ သူတို့ လင်မယားက သိပ်ချစ်ကြတာ၊ နှစ်ယောက်စလုံးက ဒုက္ခိတတွေဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် သိပ်ကရုစိုက်ကြတာ။ သားသမီးတော့ မရှိကြ ဘူးဟဲ့။ အခုလေးတင် သူ့မိန်းမ အမောဖောက်လို့ ဆိုပြီး သောက်နေကျ အားဆေးလေး ပြေးဝယ်တာ ငွေမလောက်လို့ ဟိုနားက အ ကြော်သည်ဆီက ငွေ ငါးဆယ် ချေးသွား သေးတယ်။ ငါလဲ ပေးလိုက်မလို့ပါဘဲ၊ ဒီမှာ မုန့်ရောင်းနေတာ ဈေးဦး မပေါက် သေးလို့၊ မင်း လိုက်သွားချင်ရင် ဟိုဘက် အဆောင်က ဒုတိယထပ်မှာ ဦးဖိုးမင်း နဲ့ ဒေါ်မယ်ကျော့ ဆိုရင် လူတိုင်းသိတယ်" လေကြော ရှည်ပေမဲ့ ငါးမိနစ်အတွင်းမှာ အဖိုးကြီး လင်မယားအကြောင်းကို ခရေစေ့ တွင်းကျ သိလိုက် ရတာမို့ "ကျေးဇူးဘဲ အစ်မကြီးရေ၊ အဖိုးကို ဒီဆေးလေးတွေ သွားပေးပြီးရင် အစ်မကြီး မုန့်ကို ကျွန်တော် ဈေးဦးလာဖေါက် ပေးပ့ါမယ်" လို့ပြောပြီး ပြေးထွက် လာခဲ့ပါတယ်။

**အခန်း(၅)** အပေါ်ထပ် ရောက်တော့ တွေ့တဲ့ သူနာပြုဆရာမ တစ်ဦးကို "ဦးဖိုးမင်း ဒေါ်မယ်ကျော့တို့က ဘယ်အခန်းမှာလဲ" လို့မေး လိုက်တော့ "ဒေါ်မယ်ကျော့ က အခုမြင်နေရတဲ့ ရှေ့ကအခန်း ကုတင်နံပါတ် ၇ မှာပါ။ ဦးဖိုးမင်းကတော့ အခုလေးတင်ဘဲ အောက်မှာ ဆေးသွားဝယ်ပြီးလို့ အပေါ်ကို ပြေးတက်လာတာ အမောဆို့ပြီး မူးလဲသွားလို့ အရေးပေါ် ကုသခန်း ကိုခေါ် သွား ကြပြီ။ ရှင်က သူတို့ အမျိုးလား" "ဗျာ"သူနာပြုရဲ့ စကား အဆုံးမှာ ပြန် မဖြေအားဘဲ ကျွန်တော် အဖွားဒေါ်မယ်ကျော့ ကုတင်ဆီ သွားလိုက်ပါတယ်။ "ကိုဖိုးမင်း ရောက်ပြီလား၊ အားဆေး ပါလာရဲ့လား" မျက်စိကန်း နေတဲ့ အဖွားရဲ့ အရေတွန့်နေတဲ့ လက်ဖျံပေါ်မှာ ဆေးထိုးအပ် တန်းလန်း၊ ဆေးပိုက် တန်းလန်းနဲ့ တွေ့လိုက်ရပါတယ်။ သူ့ကုတင်နားမှာ လာရပ်တဲ့ ခြေသံကြား တိုင်း အားဖျော့တုန်ရီနေတဲ့ လေသံနဲ့ " ကိုဖိုးမင်း ပြန်လာပြီလား၊ အားဆေး ပါလာသလား" လို့ လှမ်းမေးရှာပါတယ်။ ဘေးနား မှာ ရပ်နေတဲ့ ကုတင် နီးနားချင်း လူနာရှင်တစ်ဦးက " အဖိုးဦးဖိုးမင်း အမောဆို့ပြီး မူးလဲ သွားလို့ အရေးပေါ်ခန်းထဲ ခေါ်သွားကြပြီ။ အဖွား မယ်ကျော့ကို ပေးမသိနဲ့" လို့ ကျွန်တော့်ကို တိုးတိုးလေး ကပ်ပြောပါတယ်။ "အဖိုး ဦးဖိုးမင်း ပြန်လာတော့မှာပါ ခနလေးစောင့်နော် အဖွား" လို့ ပြန်ဖြေပြီး ကျွန်တော် အရေးပေါ် ခန်းဘက် ပြေးထွက်လာခဲ့ပါတယ်။

**အခန်း(၆)** အရေးပေါ် ခန်းဝအရောက်မှာ အခန်းထဲက လူနာတင် တွန်းလှည်း တစ်စီး ထွက်လာလို့ လမ်းဖယ်ပေးလိုက်ပါတယ်။ လှည်းပေါ်မှာ ပိတ်ဖြူနဲ့ အုပ်ထားတဲ့ လူနာတစ်ယောက်ကိုတွေ့လိုက်ရတဲ့ အတွက် အခု လေးတင်ဘဲ သေဆုံးသွားတဲ့ လူနာတစ်ယောက်ဖြစ်မယ်လို့ မှန်းဆ မိလိုက်ပါတယ်။ အမှတ်မထင် ပိတ်ဖြူ မအုပ်မိဘဲ ထွက်နေတဲ့ သေသူရဲ့ ညာဘက် လက်ကို ကြည့်လိုက်မိတဲ့အခါ အညိုရောင် အားဆေး လုံးလေးတွေကို ဆုပ်ကိုင်ထားတဲ့ အရွယ်အိုလွန်သူ တစ်ယောက်ရဲ့ အရေ တွန့်နေတဲ့ လက်ကို တွေ့လိုက်ရတာမို့ ကျွန်တော် အသက်ရှု မှားသွားပြီး တုန်ရီစွာနဲ့ လှည်းနောက်ကို လိုက်၊ လှည်းပေါ်က သေသူပေါ် အုပ်ထားတဲ့ ပိတ်ဖြူကို မရဲတရဲ ဆွဲလှန်လိုက်တဲ့အခါ ... လွန်ခဲ့တဲ့ ဆယ်မိနစ်လောက်က "ကျေးဇူးဘဲ သားရေ၊ ကျေးဇူးဘဲ သားရေ" လို့ လက်တပြပြနဲ့ နှုတ်ဆက်ပြုံးပြ ပြေးထွက်သွားတဲ့ မသန်မစွမ်း အဖိုးအို ဦးဖိုးမင်းရဲ့ မျက်နှာကို ဘွားကနဲ တွေ့လိုက်ရပါတယ်။ အံ့ဩလွန်းလို့ ကျွန်တော် ကြက်သေ သေသွားပါတယ်။ အဖိုးဟာ အခုနက လိုတော့ ပြုံး မနေတော့ပါ။ ပြင်းပြတဲ့ ဝေဒနာကို ခံစားနေရတဲ့ အသွင်နဲ့ မျက်နှာကို တွေ့လိုက်ရပါတယ်။

အဖိုး လက်ထဲက ဆေးလုံးလေးတွေကို အသာ ထုတ်ယူလိုက် ချိန်မှာ "ကိုဖိုးမင်း ပြန်လာပြီလား၊ အားဆေးပါလာရဲ့လား"လို့ လှမ်းမေးနေ တဲ့ အဖွား မယ်ကျော့ကို သတိရလိုက်တာမို့ အပေါ်ထပ်ကို ပြေးထွက်ခဲ့ပါတယ်။ အုတ်လှေကားထစ်တွေကို တစ်ထစ်ချင်း တက်မနေ တော့ဘဲ ခြေလှမ်းကျဲကျဲနဲ့ သုံးထစ် လောက်ကျော်ပြီး လွှားကနဲ လှမ်း အတက်မှာ စီးထားတဲ့ ရော်ဘာ ဖိနပ် ခေါင်ပြုတ်ကို တွဲထားတဲ့ တွယ်ချိတ်က ပြုတ်ထွက်သွားပြီး ဖိနပ် ကျွတ်ကျကာ လူလဲ ဟန်ချက် ပျက်သွားပါတယ်။ ခြေဖဝါး အောက်ကို ပြန်အကျမှာ ဖိနပ်ကို နင်းမိပြီး တွယ်ချိတ်က ခြေဖဝါးထဲ စိုက်ဝင် သွားတာမို့ နာကျင် နေတဲ့ဝေဒနာကို စူးကနဲ ခံစားလိုက်ရပြီး ကျွန်တော်လဲ တမံတလင်းပေါ် အရုပ်ကြိုးပြတ် လဲကျ သွားပါတယ်။

လှေကားပေါ်ကနေ အောက်ခြေထိရောက်အောင် ကျွန်တော် ဒလိမ့် ခေါက်ကွေး လိမ့်ကျသွားပြီး အောက်ခြေမှာ မှောက်ခုံ လဲကျနေရာက ခေါင်း ထောင်အကြည့် မှာ လက်ထဲမှာ ကိုင်ထားတဲ့ ဆေးထုတ် ပွင့်ထွက် သွားတဲ့အတွက် အားဆေးလုံး အညိုရောင်လေးတွေဟာ လှေကားထစ် တွေ ပေါ်မှာ တစ်လုံး တစ်နေရာ တစ်ကွဲ တစ်ပြားစီ ပြန့်ကျဲ နေတာကို တွေ့လိုက် ရပါတယ်။

**အခန်း ၇)** မျက်ဝန်းထဲမှာတော့ လက်ခုံပေါ်မှာ ခါးထိ ထားလို့ သွေး တိတ်ဆေး သွားဝယ်တဲ့ ကျွန်တော့်ကိုစောင့်နေမဲ့ အမေရယ်။ "ကိုဖိုးမင်း ပြန်မလာ သေးဘူး လား" ဆိုပြီး သူ့ကုတင်နား လာရပ်တဲ့ ခြေသံရှင်တိုင်းကို တဖွဖွ မေးနေမဲ့ မျက်မမြင် အဖွားမယ်ကျော့ရယ်။ "ကျေးဇူး ဘဲ သားရေ" လို့ ပြုံးပြုံး လေး ပြောနေတဲ့ အဖိုးအို ဦးဖိုးမင်းရဲ့ မျက်နှာတွေကို တလှည့်စီ မြင်ယောင် နေမိပါတယ်။ အဲဒီလို မြင်ယောင်နေတဲ့ ပုံရိပ်တွေဟာ တဖြည်းဖြည်း ဝေဝါး သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လျှံ လာနေ လို့ပါဘဲ။ ॥ **(မင်းအောင်သက်လွင်)**

**(ယောဘ ၂၉း၁၄–၁၅၊ မျက်စိကန်းသော သူတို့အား ငါသည် မျက်စိ ဖြစ်၏။ ခြေဆွံ့သော သူတို့အား ခြေ ဖြစ်၏။ ဆင်းရဲသော သူတို့၏ အဘ ဖြစ်၏။)**

